မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၈)

ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာလွင်ပြင် ရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် ကင်းတားလက်ဝဲမြောင်းသုံးလုံးဖြင့် ပင်မရေတင်စက်ရုံမှ မြောင်းခွဲများသို့ ရေပေးဝေပြီး မိုးစပါးဧက ၁၀၀၀အား ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် နိုဝင်ဘာ၂၅ရက် နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးရှိ မိတ္ထီလာလွင်ပြင် ရေရှိရေး အမှတ်(၂) လျှပ်စစ်ရေတင်စခန်း ရေတင်စက်ရုံနှင့် ရေစုကန်တို့ကိုလည်းကောင်း၊ အမှတ်(၂) ရေတင်စခန်းတွင် တပ်ဆင်မည့် အမြင့်တင် ရေပန့်နှင့် မော်တာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဒိုင်းကောင်းကုန်းရေတင်မြောင်းများ၏ ပတ်ဝန်းကျင်ဒေသ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ရေပေးမြောင်းများ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

လယ်မြေဧက ၁၀၀၀၀ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် အကျိုးပြုလျက်ရှိသည့် သထုံမြို့နယ်က ဆိပ်ကျွန်းရေထိန်းတံခါး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်)၊ စာမျက်နှာဖွဲ့စည်းမှု- ဉာဏ်ဖြိုး

ရန်ကုန် နိုဝင်ဘာ ၂၆

မွန်ပြည်နယ် သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာအနီးတွင် ဆိပ်ကျွန်းရေထိန်းတံခါးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)က တာဝန်ယူတည်ဆောက်ပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၈ရက်က အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ❐

အကျယ် ခြောက်ပေ၊ အမြင့် ၁၂ပေရှိသည့် တံခါး ၁၅ပေါက်ဖြင့် ရေထိန်းပေးလျက်ရှိသည့် သထုံမြို့နယ် ဆိပ်ကျွန်းရေထိန်းတံခါးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အချိန်တိုအတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာစေသည့် ပမ္မဝတီတံတား(မြင်းကဆိပ်)

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း၊ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၆

နိုင်ငံတော်တစ်ဝန်းလုံး ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူ ဆက်သွယ်သွားလာနိုင်မှသာ တိုင်းပြည်၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်သစ်ဆီ အမြန်ရောက်ရှိလာမည်ဖြစ်ရာ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး လမ်းသစ်များ၊ တံတားသစ်များ၊ လေယာဉ်ကွင်းသစ်များ တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိပေသည်။

စာမျက်နှာ ၃ ကော်လံ ၄ ✳

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

27-11 (01).pmd 1 11/27/2008, 2:33 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၇ ရက်)

လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည် တိုင်းရင်းသားပြည်သူများ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ၂၄ရက်ကကျင်းပရာ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် အသက်သွေးချွေးပေါင်းများစွာ ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေး၏တန်ဖိုးကို မမေ့မလျော့ဘဲ မျိုးဆက်သစ်လူငယ်များ သိရှိနားလည်စေရန်နှင့် ထာဝစဉ်စောင့်ရှောက်လိုသည့်စိတ်ဓာတ်များ ဖြစ်ထွန်းပေါ်ပေါက်စေရန်အတွက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နှစ်စဉ် ကျင်းပပေးနေခြင်းဖြစ်သည်။

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတစ်ဝန်းလုံးတွင် အနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက် အောက်ပါအမျိုးသားရေးဦးတည်ချက်(၄)ရပ် ချမှတ်ထားပေသည်-

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်သည်။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နေပြည်တော်ရှိ နေပြည်တော်၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော် တပ်ကုန်း လေးမြို့နယ်တွင်လည်း ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အသက် သွေး ချွေးများစွာ ရင်းနှီးပေးဆပ်ရယူခဲ့ရသော လွတ်လပ်ရေး၏တန်ဖိုးကို မမေ့မလျော့ဘဲ ထာဝစဉ်ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရမည့်တာဝန်သည် တိုင်းရင်းသားပြည်သူများအားလုံး၏ တာဝန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

B.A(Law),LL.B (၁၉၇၅-၁၉၈၀)ဘွဲ့ရသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅ခုနှစ်ကျောင်းဝင် ၁၉၈၀ ပြည့်နှစ် ဘွဲ့ရ B.A(Law), LL.B နောက်ဆုံးအပတ်စဉ် ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ ဥပဒေကျောင်းသား ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် နယ်မှတက်ရောက်သူများအတွက် တည်းခိုရေးနှင့် အခမ်းအနားသို့ ကြိုပို့ရေးကိုပါ စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ကျင်းပရေးဥက္ကဋ္ဌ ဒေါ်ဆွေဆွေ ဖုန်း-၀၉-၅၁-၁၄၂၀၃၊ အတွင်းရေးမှူး ဦးသိန်းထွန်း ဖုန်း-၀၉-၈၀-၂၃၇၇၈၊ ကော်မတီဝင်များဖြစ်ကြသော ဒေါ်စိုးမြတ်သူ ဖုန်း-၀၉-၅၁-၆၁၉၅၇၊ ဒေါ်အေးအေးခိုင် ဖုန်း- ၀၉-၅၁-၈၁၀၆၅၊ ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉-၅၁-၈၁၀၆၅ နှင့် ဒေါ်စန်းစန်းအေး ဖုန်း-၃၈၃၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဟိုပန်မြို့နယ်စည်ပင် ချုံနွယ်များ စုပေါင်းရှင်းလင်း

ဟိုပန် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် နိုဝင်ဘာ ၃ရက်က မြို့အဝင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်များ စုပေါင်းရှင်းလင်းရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး

နိုဝင်ဘာ ၂၃ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မလွှကုန်း ဒွေးကြွယ်(က)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မင်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ တပ်ခွဲမှူး ဦးမြတ်မင်းစိုး၊ ဦးတင့်ငွေနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၇၁)

မြဝတီရုပ်မြင်သံကြား

၂၇-၁၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်**
၅:၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၅၁)
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်**(အပိုင်း-၂၅)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း **ရောဝတီရဲ့မနက်ဖြန်(အပိုင်း-၂) နေအောင်၊ကျော်ရဲအောင်၊ရဲအောင်၊ ဝေဠုကျော်၊နေတိုး၊ပြေတီဦး၊ ဟိန်းစိုး၊ နန္ဒ၊ အောင်ခိုင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ မိုးပြည့်ပြည့်မောင်၊ ဗိုင်းစုခိုင်သိန်း (ဒါရိုက်တာ-စင်ရော်မောင်မောင်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကားပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးများက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့၌ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းရေးရာသင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်းများအား ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကမမောင်းမြို့ မြို့အဝင်ဆိုင်းဘုတ်၌ မြေယာရှုခင်းပြုပြင် ပန်းအလှပင်စိုက်ပျိုး

ကမမောင်း နိုဝင်ဘာ ၂၆

ကမမောင်းမြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင်ဆိုင်းဘုတ်မွမ်းမံခြင်း၊ ပတ်ဝန်းကျင်တွင် မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို နိုဝင်ဘာ ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တာဝန်ခံ ဦးကိုကိုနိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်သူရအေးနှင့်အဖွဲ့ ကြည့်ရှုအားပေး၍ လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံမှပဲမျိုးစုံကို အိန္ဒိယနိုင်ငံမှ ပုံမှန်ဝယ်ယူရေးညှိနှိုင်းဆွေးနွေး နိုင်ငံတကာ ဈေးနှုန်းအတိုင်း တင်ပို့ရောင်းချရန် သဘောတူ

နေပြည်တော် နိုဝင်ဘာ ၂၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား အိန္ဒိယသမ္မတနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့်လူထုဖြန့်ဖြူးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr.N.K.Raghupathy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး Mr.N.K. Raghupathy က အိန္ဒိယသမ္မတနိုင်ငံအနေဖြင့် အစိုးရချင်းချိတ်ဆက်၍ မြန်မာနိုင်ငံမှ ပဲမျိုးစုံကို ပုံမှန်ဝယ်ယူလိုကြောင်း၊ ထိုသို့ ဝယ်ယူရာတွင် အိန္ဒိယသမ္မတနိုင်ငံမှ State Trading Corporation ကို တာဝန်ပေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ပဲမျိုးစုံဝယ်ယူရာတွင် နိုင်ငံတကာ ပေါက်ဈေးအတိုင်း ဝယ်ယူမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားရာ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အိန္ဒိယသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက် နိုင်ငံဖြစ်သည့်အပြင် ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်သည့် မိတ်ဆွေနိုင်ငံလည်းဖြစ်သဖြင့် အိန္ဒိယသမ္မတနိုင်ငံအတွက် လိုအပ်သည့် ပဲအမျိုးအစားအလိုက်ရောင်းချရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်အား တာဝန်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ဦးဆောင်သော အဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် လူထုဖြန့်ဖြူးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. N.K. Raghupathy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မွန်းလွဲ ၁နာရီခွဲတွင် ဆက်လက် ဆွေးနွေးညှိနှိုင်းရာ အိန္ဒိယသမ္မတနိုင်ငံမှ လအလိုက် ဝယ်ယူလိုသည့် ပဲအမျိုးအစား အရေအတွက်ကို အိန္ဒိယကိုယ်စားလှယ်အဖွဲ့က အဆိုပြုပြောကြားပြီး မြန်မာနိုင်ငံမှ ရောင်းချပေးနိုင်မည့် ပမာဏကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ State Trading Corporation တို့ နှစ်လတစ်ကြိမ် စာချုပ်ချုပ်ဆို၍ ထိုကာလတွင် ဖြစ်ပေါ်နေသော နိုင်ငံတကာ ဈေးနှုန်းအတိုင်း တင်ပို့ရောင်းချရန် ညှိနှိုင်းခဲ့ကြပြီး နိုဝင်ဘာ၂၄ရက်တွင် နှစ်ဖက်သဘောတူအစည်းအဝေး မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူ နိုဝင်ဘာ ၂၄ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ State Trading Corporation မှ တာဝန်ရှိသူများသည် ပဲမျိုးစုံအရောင်းအဝယ်အတွက် စာချုပ်ချုပ်ဆိုဆောင်ရွက်ကြမည့် အသေးစိတ်လုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

မြစ်ချောင်း အင်းအိုင် ပေါများသည့် ဧရာဝတီတိုင်းကို မော်တော်ကားလမ်းတွေဖောက်၊ မြစ်ကူးတံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် အချိန်တိုတိုအတွင်းမှာ ကုန်းလမ်းခရီးနှင့် သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခင်က ရေလမ်းကိုသာ အားထားခဲ့ရသည့် ဧရာဝတီတိုင်းသည် ယခုဆိုလျှင် မော်တော်ကားလမ်းများနှင့် မြစ်ကူးချောင်းတံတားများ ကွန်ရက်သဖွယ် ပေါ်ပေါက်နေပေပြီ။

၂၀၀၆ခုနှစ် မတ်၂၃ရက်က ဖွင့်လှစ်လိုက်သည့် ပမ္မဝတီတံတား(မြင်းကဆိပ်)မှာ နိုင်ငံတော်၏ စေတနာကို ထင်ဟပ်ပေါ်လွင်စေသည့် ပြယုဂ်တစ်ခုသာမက ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု၏ မော်ကွန်းမှတ်တိုင်လည်းဖြစ်သည်။

အင်ဂျင်နီယာ

အဆိုပါ ပမ္မဝတီတံတား(မြင်းကဆိပ်)မှာ တံတားအရှည် စုစုပေါင်း ပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၅ပေ ၈လက်မ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီရှိပြီး တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၄၀၀နှင့် အမြင့်ပေ ၂၀၊ ခွင့်ပြုယာဉ် အလေးချိန် ၃၆တန်ရှိသည်။ တံတားအမျိုးအစားမှာ ဘေလီကြိုးတံတားသံကူကွန်ကရစ်ဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားအထူးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူး ဒေါ်စီသန်း ဦးဆောင်သော မြန်မာအမျိုးသမီး အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူတည်ဆောက်ခဲ့သည့် ဒုတိယမြောက်တံတားလည်းဖြစ်သည်။

တံတားကြီး မတည်ဆောက်မီကဆိုလျှင် ပုသိမ်မြို့မှမောင်းမြမြို့သို့၆၅မိုင်ရှည်သည့် ပုသိမ်-ဒါးက-အိမ်မဲ-မောင်းမြကားလမ်းဖြင့် ခရီးသွားလျက်ရှိရာမှ ဤတံတားကြီးဖွင့်လှစ်နိုင်ပြီဖြစ်၍ ၃၂မိုင်သာရှည်သည့် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မောင်းမြကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်၍ ယခင်ကားလမ်းထက် ၃၃မိုင်လျော့နည်းပြီး အချိန်တိုအတွင်း သွားလာနိုင်ကြပေပြီ။ ထို့ပြင် မြင်းကဆိပ်မှ မောင်းမြဘက်သို့ ဇက်ရေယာဉ်ဖြင့် ကူးဖြတ်ရသည့်အခက်အခဲမှလည်းကင်းဝေးပြီး ဧရာဝတီတိုင်း ပုသိမ်မှ ရန်ကုန်မြို့သို့ အချိန်တိုအတွင်းကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ စားပွဲဝိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အဆိုပါ မိတ္ထီလာလွင်ပြင် ရေရရှိရေးလျှပ်စစ်ရေတင်စီမံကိန်း ဒိုင်းကောင်းကုန်းရေတင်စခန်းစီမံကိန်းပြီးစီးပါက ဒေသခံပြည်သူများ၏စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့တွင် များစွာအကျိုးဖြစ်ထွန်းစေမည့်အပြင် စီမံကိန်းဒေသတွင် သီးနှံစိုက်ဧက ၃၀၀၀၀ တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်၍ ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူဖြစ်စေမည့် စီမံကိန်းဖြစ်သည်။

ရေပေးဝေ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မိတ္ထီလာလွင်ပြင်ရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် ကင်းတားလက်ဝဲမြောင်း သုံးလုံးဖြင့် ပင်မရေတင်စက်ရုံမှ မြောင်းခွဲများသို့ ရေပေးဝေပြီး မိုးစပါးဧက ၁၀၀၀ အားရေပေးဝေနေမှုကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ကင်းတားလက်ဝဲမြောင်းအတွင်း ရေဝင်ရောက်မှုကိုလည်းကောင်း၊ သဲတောရိုးဆုံလမ်း မြောင်းကူးတံတား တည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း၊ ရုံးစုံကျေးရွာအုပ်စု ရိုးစုံဘေလီတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အောင်မြင်ဖြစ်ထွန်း

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဝမ်းတွင်းမြို့နယ်အစ လမ်းအရှည် ၁၁မိုင် ၂ဖာလုံရှိ မြေသားလမ်းခင်းထားမှု၊ သစ်သားတံတားများတည်ဆောက်ထားမှု၊ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်းဘေးဝဲ၊ယာတစ်လျှောက်၌ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ခင်းများနှင့် ဝါစိုက်ခင်း၊ နှမ်းစိုက်ခင်း၊ ပြောင်းစိုက်ခင်းတို့ကိုလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) သာစည်မြို့နယ်အပိုင်း လမ်းအရှည် ၂၅မိုင် ၅ဖာလုံတစ်လျှောက် မြေသားလမ်းခင်းထားမှုအခြေအနေများကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လှိုင်းတက်စည်သွတ်စက်ရုံနှင့် ညောင်ရမ်းမင်းလှကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ညောင်ရမ်းမင်းလှကန်တာပေါင်မှ မော်တော်ယာဉ်များဖြင့်ဖြတ်သန်း၍ ပတ်ဝန်းကျင်ကျေးရွာတောင်သူများ၏ ညောင်ရမ်းမင်းလှကန်ရေအသုံးပြု၍ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု၊ ကျေးရွာချင်းဆက်လမ်းများ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ညောင်ရမ်းဘူတာရုံ၌ ကြည့်ရှုစစ်ဆေးပြီး ညောင်ရမ်း ကျေးရွာအုပ်စုမှ တစ်ဆင့် သာစည်-မန္တလေး-ရန်ကုန်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၃၀-၁၁-၂၀၀၈ ရက်နေ့

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွက်

၁၄-၁၂-၂၀၀၈ ရက်နေ့

နှင့်

၂၈-၁၂-၂၀၀၈ ရက်နေ့

မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ စားပွဲဝိုင်းဆွေးနွေးပွဲ High-Level Roundtable on Post-Nargis Relief and Recovery Efforts ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ် ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါစားပွဲဝိုင်းဆွေးနွေးပွဲသို့ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံနိုင်ငံများ၏ကိုယ်စား အလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဌာနေ ကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအထောက်အကူပြုရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Bishow Parajuli ၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ အာဆီယံနှင့် အခြားနိုင်ငံများမှ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံတမန်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအဖွဲ့များ၊ အာဆီယံနိုင်ငံများမှ မီဒီယာများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ မီဒီယာများ တက်ရောက်ကြသည်။

စားပွဲဝိုင်း ဆွေးနွေးပွဲတွင် အာဆီယံအတွင်းရေးမှူးချုပ်ကိုယ်စား၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ကိုယ်စား အလှည့်ကျ ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Bansarn Bunnag က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ဌာနေကိုယ်စားလှယ်နှင့်လူသားချင်းစာနာထောက်ထားမှု အထောက်အကူပေးရေး ဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Bishow Parajuli က အမှာစကားပြောကြားသည်။

တင်ပြ

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက Post-Nargis Current State of Relief and Recovery Efforts အစီရင်ခံစာကို တင်ပြသည်။

ယင်းနောက် စားပွဲဝိုင်းဆွေးနွေးပွဲ၏ နံနက်ပိုင်းအစီအစဉ်ကိုကျင်းပရာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကဏ္ဍအလိုက် တာဝန်ရှိသူများက နာဂစ်မုန်တိုင်းအပြီး ခြောက်လအကြာ ခြုံငုံသုံးသပ်မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာများကို ပြန်လည်ဆန်းစစ်မှုအဖြစ် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အချိန်ကာလအလိုက် ပြန်လည်လေ့လာဆန်းစစ်မှု၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ လူမှုရေးဆိုင်ရာ လေ့လာဆန်းစစ်ခြင်းနှင့် နာဂစ်မုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေးနှင့် ကြိုတင်ကာကွယ်ရေးစီမံချက်တို့ကို တင်ပြဆွေးနွေးကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ဆွေးနွေး

စားပွဲဝိုင်းဆွေးနွေးပွဲ၏ မွန်းလွဲပိုင်းအစီအစဉ်တွင် အာဆီယံနိုင်ငံများကိုယ်စားလှယ် အလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကဏ္ဍအလိုက်တာဝန်ရှိသူများက မြို့နယ်အဆင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်နေသောကျေးရွာကို အခြေခံသော ဆေးလျင်စွာ ပြန်လည်ထူထောင်ရေးစီမံချက်နှင့် နာဂစ်မုန်တိုင်းအလွန် တုံ့ပြန်မှုတွင် အာဆီယံ၏ အခန်းကဏ္ဍတို့ကို တင်ပြဆွေးနွေးကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲ၏ ညနေပိုင်းအစီအစဉ်တွင် ရှေ့ဆက်လက်လုပ်ဆောင်မည့် မဟာဗျူဟာလမ်းစဉ်နှင့် စပ်လျဉ်းသည်များကို မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ကဦးဆောင်၍ ကဏ္ဍအလိုက်တာဝန်ရှိသူများကဆွေးနွေးတင်ပြကြပြီး ညနေပိုင်းတွင် စားပွဲဝိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၁-၂၀၀၈

(ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**"သံသရာသစ်ငုတ် အမြစ်ဖြုတ်ကြစို့"** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈:၀၀-၂:၀၀	နို့မှာန်ဆီသို့ အမေးအဖြေများ
၈:၂၅-၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀-၂:၃၀	ပြည်တွင်းအနုပညာရေးရာ
၈:၅၅-၂:၅၅	ရွှေဖြူဟုခေါ်သည် (အပိုင်း-၁)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	လက်နှင့်ပြုလုပ် ပြင်ဦးလွင်အုတ်
၉:၃၅-၃:၃၅	မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာ-လှကြည်)
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	အဖိုးတန်အရည်အသွေး များနှင့်ယှဉ်လျက်
၁၀:၁၅-၄:၁၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀:၃၀-၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅-၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀-၄:၄၀	သစ်ခွ
၁၀:၅၅-၄:၅၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Yangon Florist and Gift)
၁၁:၀၅-၅:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	Estrogen မှ Functional Cosmetics ဆီသို့
၁၁:၄၀-၅:၄၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၄၅-၅:၄၅	Yangon Panorama (2008 Ginsomin Successful Couple's Award)
၁၂:၁၀-၆:၁၀	Activities in the City (OGAWA ရဲ့ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ)
၁၂:၂၀-၆:၂၀	ရသစုံစွာ တေးအလင်္ကာ
၁၂:၄၀-၆:၄၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခင်မျိုးအေးဘိုနှင့် တွေ့ဆုံခြင်း)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

27-11 (03).pmd 1 11/27/2008, 2:33 AM

မိုဆူးလ်မြို့၌ ပစ်ခတ်မှုဖြစ်ပွား၊ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

အီရတ်တွင် သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၂၀၈ ဦးရှိပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံ မိုဆူးလ်မြို့အနောက်ပိုင်းတွင် နိုဝင်ဘာ ၂၅ ရက်က ပစ်ခတ်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ပစ်ခတ်မှုသည် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက ဘာအက်ဂျ်ဒေသအနီးတွင် ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အေပီသတင်းဌာနက ဖော်ပြသည်။

သေဆုံး

သေနတ်သမားတစ်ဦးသည် အီရတ်စစ်သားဝတ်စုံဝတ်၍ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအား အဝေးမှလှမ်းပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတပ်ဖွဲ့ဝင်နှစ်ဦးအား စောင်ပုခက်ဖြင့် ဆေးရုံသို့ သယ်ဆောင်လာစဉ်လမ်းတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ တစ်ဦးက ပြောကြားခဲ့သည်ဟု ဆိုသည်။

ဖော်ပြ

အီရတ်နိုင်ငံအတွင်းသို့ အမေရိကန်တို့ စတင်ကျူးကျော်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှစတင်ကာ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၅ ရက်အထိ ယင်းနိုင်ငံ၌ သေဆုံးခဲ့သည့် ကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၂၀၈ ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းတွင် ဖော်ပြသည်။

ကိုက်ညီ

ယင်းစာရင်းတွင် အရပ်ဘက်စစ်သား ရှစ်ဦးပါဝင်ကြောင်း၊ စစ်ပွဲတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၃၉၃ ဦး ရှိကြောင်း စစ်ဘက်ဆိုင်ရာ စာရင်း၌ ဖော်ပြသည်။ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီအထိ သေဆုံးသူဦးရေကို နောက်ဆုံးဖော်ပြသည့် အေပီသတင်းဌာန၏ စာရင်း၌ အမေရိကန်စစ်ဘက်၏စာရင်းနှင့် ကိုက်ညီနေပြီဖြစ်သည်။

အီရတ်နိုင်ငံတွင် နိုဝင်ဘာ ၂၅ ရက်အထိ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၆ ဦး၊ အီတလီ ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ဦး၊ဘူလ်ဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေဒိုငါးဦး၊ ဆလိုဗေးနီးယားလေးဦး၊ လတ်ဗီးယားသုံးဦး၊ ဂျော်ဂျီယာ သုံးဦး၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့်ရိုမေးနီးယားနှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယား တစ်ဦးစီတို့ သေဆုံးခဲ့ကြပြီး ဖြစ်သည်။

ဖော်ပြ

အီရတ်နိုင်ငံသို့ အမေရိကန်တို့ ကျူးကျော်ခဲ့ကတည်းက စစ်ပွဲတွင် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၃၀၈၄၀ ဒဏ်ရာရခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ စာရင်းတွင် ဖော်ပြသည်။ (အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်ရှိ ဂိတ်အနီးတွင် နိုဝင်ဘာ ၂၄ရက်က အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်ဒုံးပျံ သတိပေးရေးဂြိုဟ်တု လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်း

ဝါရှင်တန် နိုဝင်ဘာ ၂၆

နော့သ်ထရော့ဂရုမွန်းက တည်ဆောက်သည့် ဒုံးကျည်ကြိုတင်သတိပေးရေး ဂြိုဟ်တုများအနက် ၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်းက နောက်ဆုံးလွှတ်တင်သည့် ဂြိုဟ်တုမှာ ယခုနှစ်စက်တင်ဘာလလယ်တွင် သတင်းအချက်အလက်များ ပြန်မပို့နိုင်ဘဲ ရပ်ဆိုင်းသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အရာရှိတစ်ဦးနှင့် ဝေဖန်ဆန်းစစ်သူများက နိုဝင်ဘာ ၂၄ ရက်၌ ပြောကြားသည်။

မည်ကဲ့သို့ လုပ်ငန်းရပ်ဆိုင်းသွားရသည်ကို မသိရသေးဟု ကာကွယ်ရေးဝန်ကြီးဌာန အရာရှိက ပြောကြားသည်။ သို့သော် အစားထိုး ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

သုံးစွဲခွင့်

ဂြိုဟ်တုတစ်လုံး ထပ်မံလွှတ်တင်ရေးအတွက် ၂၀၀၉ ခု ဘဏ္ဍာရေးနှစ်တွင် အမေရိကန် ကွန်ဂရက်က ဒေါ်လာ ၁၁၇သန်း သုံးစွဲခွင့်ပြုရတော့မည်ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဆွီဒင်နိုင်ငံ စတော့ဟုမ်း၌ နှင်းမုန်တိုင်းကျ လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းထားရ

စတော့ဟုမ်း နိုဝင်ဘာ ၂၆

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တော်တွင် နိုဝင်ဘာ ၂၄ ရက်က နှင်းမုန်တိုင်း အကြီးအကျယ် ကျရောက်သဖြင့် စတော့ဟုမ်းမြို့ အာလန်ဒါလေဆိပ်၌ လေကြောင်းခရီးစဉ်များ ရွှေ့ဆိုင်းရသည့်အတွက် ခရီးသည် ထောင်ပေါင်းများစွာတို့ ပုံမှန်အချိန်အတိုင်း ခရီးမထွက်နိုင်ဘဲ ရှိနေကြသည် ဆိုသည်။

လေကြောင်းခရီးစဉ် အများစုမှာ နှစ်နာရီခန့် နောက်ကျကုန်သည်။ သို့သော် နိုဝင်ဘာ ၂၄ရက် မွန်းလွဲပိုင်း လေဆိပ်အခြေအနေမှာ အေးဆေးတည်ငြိမ်လျက်ရှိသည်။ ခရီးသည် အများအပြားသည် ခရီးစဉ်နောက်ကျသည့်အတွက် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် စားသောက်ရင်း လေယာဉ်များထွက်မည့် အချိန်ကိုစောင့်ဆိုင်းနေကြရသည်။

ပြတ်တောက်

အိမ်နီးချင်းဖင်လန်နိုင်ငံ ဒေသအများအပြား၌လည်း ရာသီဥတု ဆိုးရွားသဖြင့် နိုဝင်ဘာ ၂၃ ရက်က လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘရာဇီးတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း သေဆုံးသူ ၆၅ဦးအထိရှိလာ

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၆

ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာကာတာရီနာပြည်နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် နိုဝင်ဘာ ၂၅ရက်အထိ သေဆုံးသူဦးရေမှာ ၆၅ဦးခန့် ရှိနေပြီဖြစ်ကြောင်း ဘရာဇီးနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

ရွာသွန်း

ရေလွှမ်းမှုကြောင့် ရေဘေးဒုက္ခကြုံတွေ့နေရသူဦးရေမှာ ၂၂၀၀၀ကျော်ရှိနေပြီး ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရသည်။ မိုးမှာ ဆက်လက်ရွာသွန်းနေဆဲဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ မြောက်ဘက် ၁၀ကီလိုမီတာ အကွာ ရှာမာလီပယ်လီန်းအရပ်တွင်နိုဝင်ဘာ ၂၄ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက်ပျက်စီးသွားသောလမ်းကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် စုစုပေါင်း ၁၂၆ ဦး ရှိသွားပြီ

လန်ဒန် နိုဝင်ဘာ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် နိုဝင်ဘာ ၂၄ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် ကာဂျာကီဒေသအတွင်း မော်တော်ယာဉ်ဖြင့် ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲပြီး အဆိုပါတပ်ဖွဲ့ဝင် ထိမှန်သေဆုံးခဲ့ခြင်းဖြစ်သည်။

ကြေညာ

၂၀၀၁ ခုနှစ်ကုန်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ ပဋိပက္ခ စတင်ဖြစ်ပွားပြီးနောက် အာဖဂန်နစ္စတန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း အနည်းဆုံး ၁၂၆ ဦး ရှိသွားပြီဟု ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို နိုဝင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် အနောက်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ အများအပြား ဒဏ်ရာရရှိ

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဝေးလံသီခေါင်သော ဒေသတွင် နိုဝင်ဘာ ၂၅ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အများအပြား ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန်နိုင်ငံရှိ အေပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကြေညာ

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ဘာလူချစ္စတန်ပြည်နယ် ဒီရာမူရက် ဂျာမာလီအင်ဒေသရှိ ဈေးတစ်ဈေးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်းယင်းသတင်းတွင် ဖော်ပြသည်။

ဒဏ်ရာရသူများအား နီးစပ်ရာဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးခဲ့ပြီး အခင်းဖြစ်ရာအရပ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ အလျင်အမြန်သွားရောက်ကာ လုံခြုံရေးဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာကာသသိပ္ပံ

နိုင်ငံတကာ အာကာသယာဉ်စခန်း၌ ကျင်ငယ်ရည်မှ သောက်သုံးရေစနစ်အသုံးပြုမည်

နိုင်ငံတကာ အာကာသယာဉ်စခန်းပေါ်တွင် ကျင်ငယ်ရည်ကို ပြန်လည်အသုံးပြုနိုင်သည့် စနစ်သစ်တစ်ရပ်ကို ဖော်ထုတ်နိုင်ခဲ့သဖြင့် အာကာသယာဉ်မှူးအတွက် ရေအခက်အခဲကို အောင်မြင်စွာ ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

သုံးစွဲနိုင်

ထိုစနစ်ကြောင့် လာမည့်နှစ်တွင် အာကာသယာဉ်မှူးများအတွက် ကျင်ငယ်ရည်မှ ပြန်လည်အသုံးပြုနိုင်သည့် သောက်သုံးရေကို ထုတ်ယူပေးနိုင်တော့မည်ဖြစ်ပြီး အာကာသယာဉ်မှူးသုံးဦးမှ ခြောက်ဦးအထိ သုံးစွဲနိုင်မည့် သောက်သုံးရေပမာဏရရှိအောင် စီမံဆောင်ရွက်မည် ဖြစ်သည်။

အသုံးပြုခွင့်ပေး

စွန့်ပစ်ရေမှ ပြန်လည်အသုံးပြုနိုင်သည့်စနစ် အပါအဝင် ပစ္စည်းကိရိယာများ တပ်ဆင်တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာသန်း ၂၅၀ခန့် ကုန်ကျမည်ဖြစ်သည်။ နိုင်ငံတကာ အာကာသယာဉ်စခန်းရောက် အာကာသယာဉ်မှူးများ အနေဖြင့်လည်း အဆိုပါ သောက်သုံးရေကို မြေကမ္ဘာသို့ နမူနာအဖြစ် ပြန်လည်ယူဆောင်လာပြီး စနစ်တကျစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း နာဆာက ပြောကြားသည်။

စီစဉ်ထား

နာဆာအနေဖြင့် ၂၀၁၀ပြည့်နှစ်မတိုင်မီ နိုင်ငံပေါင်း ၁၆နိုင်ငံမှ အမေရိကန် ဒေါ်လာဘီလီယံ ၁၀၀ကုန်ကျမည့် အာကာသယာဉ်ရှစ်စင်းကို နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ စေလွှတ်သွားရန် စီစဉ်ထားလျက်ရှိသည်။ **(အင်တာနက်)**

ဘဝအမောပြေ

အခုမှပါ...

လူငယ်တစ်ဦး ရဲစခန်းအတွင်း အပြေးဝင်လာပြီး တိုင်တန်းလေသည်။

လူငယ် ။ ။ ရဲအရာရှိကြီး…ကျွန်တော့်ကိုကူညီပါဦး။
ရဲအရာရှိ ။ ။ ဘာဖြစ်လာတာလဲ…
လူငယ် ။ ။ ကျွန်တော့် ဦးလေးကို ပိုင်းထိုးကြိတ်နေကြပါတယ်… အမြန်လေးလိုက်ခဲ့ပါ။
ရဲအရာရှိ ။ ။ ဒါနဲ့…ဘယ်အချိန်ကဖြစ်တာလဲ…
လူငယ် ။ ။ နာရီဝက်လောက်ရှိပါပြီ။
ရဲအရာရှိ ။ ။ အဲဒါ အခုမှလာပြောရသလား …
လူငယ် ။ ။ ကျွန်တော့်ဦးလေးက တစ်ချိန်လုံး သူတို့ကို ထိုးနေတာ အခုမှစပြီး ပြန်အထိုးခံနေရလို့ပါ။
ရဲအရာရှိ ။ ။ ''ဟေ''

အာကာသဒုံးပျံတစ်စင်း အီရန်လွှတ်တင်

တီဟီရန် နိုဝင်ဘာ ၂၆

အီရန်နိုင်ငံက ကာဗို-၂ ဟုအမည်ပေးထားသော အာကာသဒုံးပျံတစ်စင်းကို နိုဝင်ဘာ ၂၆ ရက် နံနက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း အီရန်အရာရှိများကပြောကြားသည်။

အာကာသနည်းပညာနှင့်ပတ်သက်ပြီး သိပ္ပံနှင့် နည်းပညာပိုင်း တို့တွင် ဖွံ့ဖြိုးတိုးတက်မှု ရှိနေသည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းသို့ ထုတ်ဖော်ပြခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နားရွက်ဖြင့် အလေးချိန် အများဆုံး မ ပြနိုင်သူ

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် နိုဝင်ဘာ ၁၉ ရက်က ပါကစ္စတန်နိုင်ငံသား ဇာဖာဂီးလ်အမည်ရှိ အမျိုးသားတစ်ဦးသည် ၎င်း၏နားရွက်နှစ်ဖက်၌ ကြိုးဖြင့်ချည်နှောင်ပြီး အလေးချိန် ၁၃၆ ပေါင်ရှိသည့် သံပြားဝိုင်း တစ်ပြားကို ဆွဲမ ပြနိုင်ခဲ့ရာ ကမ္ဘာတွင် နားရွက်ဖြင့် အလေးချိန် အများဆုံး မနိုင်သည့်သူ တစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင် ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

အဆိပ်ပြင်းမြွေဖြင့် နေထိုင်ပြသူ

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒူဘလင်မြို့တွင် နိုဝင်ဘာ ၁၈ရက်က ဂျက်ကီဘစ်ဘီအမည်ရှိ အမေရိကန် နိုင်ငံသားတစ်ဦးက အဆိပ်ပြင်းမြွေ ၈၇ကောင်နှင့်အတူ ၄၅မိနစ်ကြာ ဇလားတစ်ခု၌ နေထိုင်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့ အထင်ကရ ပုဂ္ဂိုလ်များ

ဂန္ထဝင်ပြဇာတ်ရေးဆရာကြီး ဝီလျံရှိတ်စပီးယား

ဘီစီ (၁၅၆၄-၁၆၁၆)

လူတို့သည် ဘဝတွင် မွေးဖွားပြီး လူလားမြောက်သည့် အချိန်မှစတင်၍ သေဆုံးသည့်အချိန်တိုင်အောင် လုပ်ငန်းဆောင်တာများနှင့်သာ နပန်းလုံးနေကြရသည်။ လူတို့သည် တစ်ချိန်မဟုတ်တစ်ချိန်တွင်မူ အလုပ်ကြောင့် စိတ်ဖိစီးမှု၊ စိတ်ညစ်ညူးမှုများနှင့် ကြုံတွေ့ရမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ ယင်းသို့သော စိတ်ဖိစီးမှု၊ စိတ်ညစ်ညူးမှု၊ မွန်းကျပ်မှုများကို ဖြေလျှော့ရန် နည်းအမျိုးမျိုးရှိရာ မိမိတို့ကြိုက်နှစ်သက်ရာ နည်းလမ်းကိုအသုံးပြု၍ စိတ်ကိုဖြေလျှော့ကာ အပန်းဖြေကြပေသည်။

ဖြေဖျောက်နိုင်

လူအချို့သည် မိမိတို့လုပ်ငန်းကို ပိတ်ခြင်း၊ ခွင့်ယူခြင်းဖြင့် စိတ်အေးချမ်းသာစွာလည်း အပန်းဖြေနိုင်ပြီး အနားယူ၍ဗဟုသုတရရှိစေမည့် မိမိတို့မရောက်ဖူးသောအရပ်ဒေသများသို့ သွားရောက်လည်ပတ်လေ့ရှိကြသည်။ ထိုသို့ခရီးထွက်ရန် အခြေအနေမပေးသောသူများမှာမူ စာပေ၊ တေးဂီတ အစရှိသည့် ဗဟုသုတလည်းရပြီး စိတ်အပန်းလည်းပြေစေသော နည်းလမ်းများဖြင့် စိတ်အပန်းဖြေ အနားယူကြပေသည်။ စာပေတွင်လည်း ဝတ္ထု၊ ကဗျာ၊ လင်္ကာစသည်ဖြင့် အမျိုးမျိုးရှိကြရာ မိမိတို့နှစ်သက်ရာ တစ်မျိုးမျိုးဖြင့် စိတ်ပင်ပန်းနွမ်းနယ်မှုကို ဖြေဖျောက်နိုင်ကြပေသည်။

အလုပ်အကျွေးပြု

*စာပေတွင် အမျိုးမျိုးရှိသည့်အနက် ခံစားမှုရသကို အများဆုံးပေးစွမ်းနိုင်သည့် ဂန္ထဝင်မြောက်ဝတ္ထုများ၊ ပြဇာတ်များကို ရေးသားကာ ပြည်သူတို့အား ခွန်အားရှိသောစာဖြင့် အလုပ်အကျွေးပြုခဲ့သော ကမ္ဘာကျော် ဂန္ထဝင်ပြဇာတ်ရေးဆရာကြီးတစ်ဦးမှာ အင်္ဂလိပ်လူမျိုး ဝီလျံရှိတ်စပီးယား(**အပေါ်ယာပုံ**)ပင် ဖြစ်သည်။*

မွေးဖွား

ရှိတ်စပီးယား၏ အသေးစိတ်ဘဝဇာတ်ကြောင်းမှာ နန်းတွင်းမှတ်တမ်းများအရ အခြေခံသိရှိရသည်။ ရှိတ်စပီးယား၏ မိဘများမှာ ဂျွန်နှင့် မေရီ(အေဒင်)တို့ဖြစ်ကြပြီး ၁၅၅၇ ခုနှစ်တွင် လက်ထပ်ခဲ့ကြသည်။ ဂျွန်သည် ကိုယ်ပိုင်လယ်လုပ်သည့် လယ်သမားတစ်ဦးဖြစ်ပြီး လက်အိတ်ထုတ်လုပ်ရောင်းချသူတစ်ဦးဖြစ်ကာ လူ့အသုံးအဆောင်ပစ္စည်းများရောင်းဝယ်ဖောက်ကားသည့် ကုန်သည်တစ်ဦးလည်း ဖြစ်သည်။ မေရီသည် လယ်ယာမြောက်မြားစွာ ပိုင်ဆိုင်သူတစ်ဦးဖြစ်သည်။ ၁၅၆၈ခုနှစ်တွင် ဂျွန်သည် မြို့အုပ်ချုပ်ရေးအဖွဲ့တရားရုံးတွင် အထက်တန်းဘီလစ်စာရေးကြီး ရာထူးမှတစ်ဆင့် မြို့တော်ဝန်ဖြစ်လာခဲ့သည်။ သားအကြီးဆုံးဖြစ်သူ ဝီလျံရှိတ်စပီးယားကို ၁၅၆၄ခုနှစ် ဧပြီ ၂၃ရက်တွင် မွေးဖွားခဲ့သည်။

ပညာသင်ယူ

ဝီလျံရှိတ်စပီးယားသည် ၎င်း၏မိဘများနေထိုင်ရာ အင်္ဂလန်နိုင်ငံ စထရက်ဖို့ဒ်မြို့ရှိ အင်္ဂလိပ်သဒ္ဒါကျောင်းတွင် တက်ရောက် ပညာသင်ယူခဲ့ပြီး အဓိကအားဖြင့် လက်တင်နှုတ်ရေး အာဝဇ္ဇန်းပညာ၊ ယုတ္တိဗေဒ၊ စာပေပညာတို့ကို သင်ယူခဲ့သည်။ ရှိတ်စပီးယားသည် အသက် ၁၈နှစ်အရွယ် ၁၅၈၂ခုနှစ်တွင် သူနေထိုင်ရာဒေသမှ လယ်သမားတစ်ဦး၏ သမီးဖြစ်ပြီး သူ့ထက်ရှစ်နှစ်ကြီးသော အယ်နီဟာသာဝေးနှင့် လက်ထပ်ခဲ့သည်။ လက်ထပ်ပြီး ခြောက်လအကြာ ၁၅၈၃ ခုနှစ်တွင် ၎င်းတို့၏သမီးကြီး ဆူဇန်နာကို မွေးဖွားခဲ့သည်။ ၁၅၈၅ခုနှစ်တွင် အမြွှာများဖြစ်ကြသော သမီးဖြစ်သူ ဂျူဒစ်သ်နှင့် သားဖြစ်သူ ဟမ်းနက်တို့ကို မွေးဖွားခဲ့သည်။

ပြန်လည်အနားယူ

ရှိတ်စပီးယား၏ဘဝကို ဇာတိစထရက်ဖို့ဒ်မြို့တွင် ပညာသင်ကြားခြင်း၊ စောစီးစွာလက်ထပ်ခြင်းနှင့် ဖခင်ဘဝရောက်ရှိခြင်းစသည့် နှစ်၂၀ရှိ ပထမပိုင်း၊ သရုပ်ဆောင်နှင့် ပြဇာတ်ရေးဆရာအဖြစ် လန်ဒန်မြို့တွင် ရောက်ရှိနေသည့် ၂၅နှစ်ရှိ ဒုတိယပိုင်း၊ ပြဇာတ်အောင်မြင်မှုမှရရှိသော သင့်တင့်သည့်စည်းစိမ်ဥစ္စာကိုခံစားရင်း ဇာတိစထရက်ဖို့ဒ်မြို့၌ ပြန်လည်အနားယူသော ငါးနှစ်တာကာလ တတိယပိုင်းဟူ၍ သုံးပိုင်းခွဲခြားနိုင်သည်။

ရရှိခဲ့

ဖခင် ဂျွန်ရှိတ်စပီးယားသည် သား ဝီလျံရှိတ်စပီးယား ဆယ်ကျော်သက်အရွယ်မှစတင်ကာ ၎င်းသား၏ ပြဇာတ်များ လူသိများကာ အောင်မြင်လာသည့်တိုင်အောင် ငွေကြေးအကျပ်အတည်းဖြစ်ခဲ့သည်။ ဝီလျံသည် ဖခင်ဂျွန်အား ၁၅၉၇ခုနှစ်တွင် စထရက်ဖို့ဒ်မြို့၌ အတော်အတန်ကြီးမားသော အိမ်တစ်အိမ်ကို ဝယ်ယူပေးခဲ့သည်။ ဖခင်ဂျွန်သေဆုံးချိန်တွင် ဝီလျံရှိတ်စပီးယားသည် ဖခင်ပိုင်ဆိုင်သော ပစ္စည်းအားလုံးကို ရရှိခဲ့သည်။

ရှိတ်စပီးယား၏ဘဝကို ဇာတိစထရက်ဖို့ဒ်မြို့တွင် ပညာသင်ကြားခြင်း၊ စောစီးစွာ လက်ထပ်ခြင်းနှင့် ဖခင်ဘဝ ရောက်ရှိခြင်းစသည့် နှစ်၂၀ရှိ ပထမပိုင်း၊ သရုပ်ဆောင်နှင့် ပြဇာတ်ရေးဆရာအဖြစ် လန်ဒန်မြို့တွင် ရောက်ရှိနေသည့် ၂၅နှစ်ရှိ ဒုတိယပိုင်း၊ ပြဇာတ် အောင်မြင်မှုမှရရှိသော သင့်တင့်သည့် စည်းစိမ်ဥစ္စာကိုခံစားရင်း ဇာတိစထရက်ဖို့ဒ်မြို့၌ ပြန်လည် အနားယူသော ငါးနှစ်တာကာလ တတိယပိုင်းဟူ၍ သုံးပိုင်းခွဲခြားနိုင်။

ဗဟုသုတရရှိစေ

ရှိတ်စပီးယားသည် ဖခင်ဂျွန်၏ စီးပွားရေး အကျပ်အတည်းဖြစ်လာသည့် သူ့ အသက် (၁၅)နှစ်အရွယ်တွင် ကျောင်းထွက်ကာ ဖခင်အား ပြဇာတ်ကသော အလုပ်ဖြင့် လုပ်ကိုင်ကျွေးမွေးခဲ့ပြီး ယင်းအလုပ်ကပင်လျှင် သူ့အား အထူးဗဟုသုတ ရရှိစေခဲ့သည်။

သရုပ်ဆောင်ရေးသား

ရှိတ်စပီးယားသည် သူ၏ အမှောင်လွှမ်းသောနှစ်များဖြစ်သည့် ၁၅၈၉ခုနှစ်မှ စတင်ကာ လန်ဒန်ရှိ ပြဇာတ်ကုမ္ပဏီတွင် သရုပ်ဆောင်တစ်ဦးအဖြစ် အလုပ်လုပ်ခဲ့ပြီး ၁၅၉၂ခုနှစ်တွင် ပြဇာတ်အချို့ကို စရေးခဲ့သည်။ ပင်မ်ဘရုတ်ခ်မင်း ပြဇာတ်အဖွဲ့တွင် သရုပ်ဆောင်ပြီး ပြဇာတ်ရေးသကဲ့သို့ အခြားသော ပြဇာတ်အဖွဲ့များစွာတွင်လည်း သရုပ်ဆောင်ရေးသားခဲ့သည်။ အထူးသဖြင့် အခြားပြဇာတ်အဖွဲ့များအနက် သူ၏ကျန်သော ဘဝတစ်လျှောက်လုံး လက်တွဲလုပ်ကိုင်ခဲ့သည့် စထရိန်းဂျ်မင်းပြဇာတ်အဖွဲ့အမည်ရှိ နောင်အခါတွင် ချမ်ဘာလိန်မင်း အမည်ရှိ ပြဇာတ်အဖွဲ့တွင် သရုပ်ဆောင်ရေးသားခဲ့သည်။

ဖြစ်လာ

၁၅၉၂ခုနှစ်တွင် ပလိပ်ရောဂါဖြစ်ပွားမှုကြောင့် ပြဇာတ်ရုံများ ပိတ်ခဲ့ရသဖြင့် ပြဇာတ်ကခြင်းမှ နှစ်နှစ်ခန့် အနားယူခဲ့ရသော ရှိတ်စပီးယားသည် ဇာတ်ကြောင်းပြကဗျာရှည်ရေးသားသည့်ဘက်သို့ လှည့်ခဲ့သည်။ အောင်မြင်မှုများရရှိနေချိန်မှာပင် ၁၅၉၆ ခုနှစ်၌ သူ၏တစ်ဦးတည်းသောသား အသက် ၁၁နှစ်အရွယ်ရှိ ဟမ်းနက် သေဆုံးခဲ့သဖြင့် အကြီးအကျယ် စိတ်ထိခိုက်ခဲ့ရသည်။ သို့သော်လည်း ရှိတ်စပီးယား၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ယုတ်လျော့သွားခြင်းမရှိဘဲ ဆက်လက်တိုးတက်ခဲ့ပြီး ၁၅၉၉ခုနှစ်တွင် ချမ်ဘာလိန်မင်း ပြဇာတ်အဖွဲ့က တည်ဆောက်ခဲ့သော နယူးဂလိုဘီ ပြဇာတ်ရုံကြီး၏ ရှယ်ယာဝင်တစ်ဦး ဖြစ်လာခဲ့သည်။

ထုတ်ဝေ

ရှိတ်စပီးယား မသေဆုံးမီ နှစ်နှစ်အလိုတွင် ဟင်နရီ-၈ ပြဇာတ်ကို ရေးသားခဲ့သည်။ သူ၏ပြဇာတ်များကို သူသက်ရှိထင်ရှားရှိစဉ်က ပုံနှိပ်ထုတ်ဝေခဲ့ခြင်းမရှိပေ။ သူသေဆုံးပြီးသည့်နောက်တွင် သူ၏မိတ်ဆွေများဖြစ်သည့် ဂျွန်ဟီမင်ဂက်စ်နှင့် ဟင်နရီ ကွန်ဒဲလ်တို့က သူ့အား အမှတ်ရအောက်မေ့ကာ သူ၏လက်ရာများကို ထိန်းသိမ်းသည့်အနေဖြင့် သူ၏ပြဇာတ် ၃၆ခုကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဝီလျံရှိတ်စပီးယားသည် ၁၆၁၆ခုနှစ် ဧပြီလ ၂၃ရက်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ရာ မွေးသက္ကရာဇ်မှာလည်း ၁၅၆၄ ခုနှစ် ဧပြီလ ၂၃ရက်ဖြစ်သဖြင့် လူ့ဘဝတွင် အသက် ၅၂နှစ်တိတိ ထူးခြားစွာ နေထိုင်အသက်ရှင်ခဲ့သူဖြစ်ပါကြောင်း အထင်ကရ ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖော်ပြလိုက်ရပေသည်။ ။

ကိုးကား- အင်တာနက် **ချစ်စိုးနိုင် ရေးသားသည်**

27-11 (05).pmd 1 11/27/2008, 2:33 AM

ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာမြဦးက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (အလယ်ပိုင်း)၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ဆက်လက်၍ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပါမောက္ခချုပ်များ၊ ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ လုပ်ငန်းလိုအပ်ချက်များကို ဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းဆင်းပွဲများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန Industry Reporting System Software အသုံးပြုနည်း သင်တန်းအမှတ်စဉ်(၂/၂၀၀၈)၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၈)နှင့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဆင်းပွဲများကို နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းလက်မှတ်

ယင်းနောက် ဝန်ကြီးက အင်္ဂလိပ်ဘာသာကျွမ်းကျင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၈)တွင် ပထမဆုရဒေါ်အေးသီခိုင်၊ ဒုတိယဆုရဦးဖြိုးဇင်၊ တတိယဆုရဒေါ်ဝင်းဝင်းလတ်နှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင် တစ်ဦးအားလည်းကောင်း၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၁/၂၀၀၈)တွင် ပထမဆုရဒေါ်အေးအေးသိမ့်၊ ဒုတိယဆုရဒေါ်ငြိမ်းငြိမ်း၊ တတိယဆုရဒေါ်တင်တင်အေးနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်တစ်ဦးအားလည်းကောင်း၊ Industry Reporting System Software သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်တစ်ဦးအား လည်းကောင်း ပေးအပ်သည်။**(ဝဲပုံ)**

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လေဘေးသင့်ဒေသ ပြည်သူများအတွက် လူနေအိမ်များဆောက်လုပ်ရန် ငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆

လေဘေးသင့်ပြည်သူများအတွက် အလှူရှင် အိန္ဒိယသမ္မတနိုင်ငံ Ratnanidhi Charitable Triat ၏ကိုယ်စား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၃၁၇၄ဒသမ၉၆ တန်ဖိုးရှိ ကျန်းမာရေးအတွက် သန့်ရှင်းရေးသုံးပစ္စည်းများ အထုပ် ၄၀၀၀နှင့် ကျောင်းသုံး စာရေးကိရိယာ အထုပ် ၂၀၀၀၊ ဗန္ဓုလဂိုအင်ကာမိသားစုက လူနေအိမ် ၁၀လုံးဆောက်လုပ်ရန် ငွေကျပ်သိန်း ၆၀၊ KB International Co., Ltd. မှ ဥက္ကဋ္ဌ ဦးမောင်မောင် ပရရှိတမ်လာကူဒါလ်မိသားစုက လူနေအိမ် ၂၁လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၂၆သိန်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်နှင့် သနန္တနဓမ္မပါလအဖွဲ့က လူနေအိမ်အလုံး၂၀ ဆောက်လုပ်ရန် ငွေကျပ်သိန်း ၁၂၀တို့ကို ယမန်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟုမ္မလင်းမြို့ ကမ်းနားလမ်း မြေထိန်းနံရံ တည်ဆောက်

ဟုမ္မလင်း နိုဝင်ဘာ ၂၆

ဟုမ္မလင်းမြို့ ကမ်းနားလမ်း မြစ်ရေတိုက်စားခြင်းဒဏ်မှ ကာကွယ်နိုင်ရန် မြေထိန်းနံရံတည်ဆောက်ရာသို့ အောက်တိုဘာ ၂၇ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးက ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ မြေထိန်းနံရံဆောက်လုပ်မှုတန်ဖိုးမှာ ငွေကျပ် ၁၉၂သိန်းဖြစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေး၊ လူမှုရေး စသည့် အသိပညာပေး ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို စနေနေ့ တစ်ပတ်ခြား ပုံမှန်ကျင်းပလျက်ရှိသည်။

အခမဲ့

နိုဝင်ဘာ ၂၉ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အင်းစိန် မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင် လမ်းမကြီးနှင့် ဆေးဝါးစက်ရုံ လမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် တိုယိုဘက်ထရီ၏ ပံ့ပိုးကူညီမှုဖြင့် စာရေးဆရာကိုကိုလှိုင် (နိုင်ငံတကာရေးရာ သုတေသီ)က ကြုံတွေ့နေရသော ကမ္ဘာ့စီးပွားရေး အခက်အခဲနှင့် အကျိုးဆက်များ (Global Financial Crisis and IT's Consequences) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ လော့စ်အိန်ဂျလိစ်သို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၆

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့၌ ကျင်းပမည့် (၄၁)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ် Statutory Congress သို့ တက်ရောက်ရန် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထင်ဇော်ဝင်းနှင့် အဖွဲ့ချုပ်အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ညှိနှိုင်းဆွေးနွေး

မြန်မာဟော်ကီကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခင်မောင်လတ်နှင့် ဘဏ္ဍာရေးမှူးဦးအောင်သန်းတို့ လိုက်ပါသွားကြပြီး ယင်းကိုယ်စားလှယ်အဖွဲ့အနေဖြင့် အစည်းအဝေးကာလအတွင်း အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရေး၊ ဟော်ကီအားကစားနည်းပညာဆိုင်ရာ အကူအညီများနှင့် အားကစားအထောက်အကူပစ္စည်းဆိုင်ရာ အကူအညီများ ရရှိရေးတို့အတွက်လည်း ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

အင်းစိန်မြို့နယ် ဖော့ကန် ကန်ဦးကျောင်းလမ်း အမှတ်(၈/၁၆၇)နေ ဦးအောင်မြင့်အေး-ဒေါ်ဌေးဌေးဝင်း၊ သမီး မမေသက်ခိုင်၊ မရည်မွန်အောင် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြိုးက လက်ခံယူစဉ်။

(မြန်မာ့အလင်း)

ဆားလင်းကြီးမြို့နယ်စည်ပင်သာယာ ကျေးလက်လမ်း ကျောက်ဖြည့်ခင်း

ဆားလင်းကြီး နိုဝင်ဘာ ၂၆

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ပေါင်း၀-ဆားလင်းကြီးလမ်း ကျောက်ဖြည့်ခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့် အမှုဆောင်အရာရှိ ဦးရဲထွဋ်တို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးအောင်ကြည်စိုးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်လုပ် ကျေးလက်ဒေသမီးလင်းစေရေး ပူးပေါင်းဆောင်ရွက်ပေးကြ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်မှာကြား

နေပြည်တော် နိုဝင်ဘာ ၂၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၄ရက်က နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိုး၊ ဆိတ်၊ နွား၊ ဝက်နှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို ထုတ်လုပ်သွားရေး၊ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်ကာ ကျေးလက်ဒေသမီးလင်းအောင် ပူးပေါင်းဆောင်ရွက်သွားရေး၊ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပေါ်ခြင်းမရှိအောင် အထူးဂရုစိုက်သွားရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်၊ ပျားလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်စိန်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းနှင့် အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသန်းရွှေတို့က လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်နှင့်တိုင်းဦးစီးမှူးများနှင့် တိရစ္ဆာန်ယူနစ်အလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့အစီအစဉ်များကို ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ယမန်နေ့နံနက်ပိုင်းက ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ ရေချို၊ ရေငန်၊ ငါး၊ ပုစွန်သယံဇာတများ ပိုမိုထုတ်လုပ်သွားရေး၊ စီမံကိန်းလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်သွားရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို မှာကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ထူးချွန်ဆုရကျောင်းသားကျောင်းသူများနှင့် အပြည်ပြည်ဆိုင်ရာ လှေလှော် အားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ပြန်လည်ထူထောင်

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက ရေချို၊ ရေငန်၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူထုတ်လုပ်နိုင်မှု အခြေအနေများ၊ ဆည်တာတမံများအတွင်း ငါးမျိုးများစိုက်ထည့်နိုင်မှု အခြေအနေများနှင့် မုန်တိုင်းသင့်ဒေသများ၌ ရေလုပ်ငန်းများ ပြန်လည်ထူထောင်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရုပ်သိမ်း

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မကွေးတိုင်း ပေါက်မြို့နယ်အတွင်းရှိ ချိုင်စောက်၊ မြို့ခင်းသာ၊ ပလောင်း၊ ချောင်းကူး၊ သန်းတောအိုင်၊ ဝက်ပုတ်နှင့် ရှု့ခွကြီးစသော ဒေသများ၌ တွေ့ရသော သက်တမ်း ၅သန်းမှ ၃သန်းခန့်ရှိ ဖြူအနွယ်ဝင် ကျောက်ဖြစ်ရုပ်ကြွင်း၏ ညာဘက်မေးရိုးနှင့် အံသွားများပါ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပရိုင်းမိတ်များ စဉ်ဆက်မပြတ် ဖော်ထုတ်နိုင်သည်နှင့်အမျှ မြန်မာတို့၏ ဇာတိဇာစ်မြစ်ဖြစ်တည်မှု ပိုမိုခိုင်မာလာ

ကျောက်ဖြစ်ရုပ်ကြွင်းများရှာဖွေမှု ဆက်လက်ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၂၆

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနသည် မြန်မာ့သမိုင်း အထောက်အထားများကို ရှေးဟောင်းသုတေသန နည်းပညာများဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိသည့်အပြင် လူသားမျိုးနွယ်အစနှင့် ပတ်သက်သော အထောက်အထားများကိုလည်း ကွင်းဆင်း၍ စဉ်ဆက်မပြတ် သုတေသနပြု ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းသွားရောက်

ယခုနှစ်တွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးမျိုးညွှန့် (ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး) နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေ (သုတေသနနှင့် လေ့ကျင့်ရေး) ဦးဆောင်သော အဖွဲ့နှစ်ဖွဲ့သည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်များမှ ဘူမိဗေဒပညာရှင်များ ပူးပေါင်းပါဝင်လျက် နိုဝင်ဘာ ၁ရက်မှ၁၇ရက်အထိ မကွေးတိုင်း မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်တို့၌ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းများကို ကွင်းဆင်းသွားရောက် ရှာဖွေခဲ့သည်။

ရှာဖွေတွေ့ရှိ

ကွင်းဆင်းသုတေသနပြုရေးအဖွဲ့(၁) သည် နိုဝင်ဘာ ၁၄ရက်တွင် မကွေးတိုင်း မြိုင်မြို့နယ် ဗဟင်းကျေးရွာ တစ်ဝိုက်ရှိ ပုံတောင်ကျောက်လွှာစုများမှ ပရိုင်းမိတ်၏ သွားနှစ်ချောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းပရိုင်းမိတ်သွားနှစ်ချောင်းတွင် တစ်ချောင်းမှာ ပရိုင်းမိတ် မျိုးစိတ်သစ်၏ ရှေ့သွားဖြစ်ပြီး ကျန်သွားတစ်ချောင်းမှာ ပုံတောင်ဂျီးယား ပရိုင်းမိတ်၏အပေါ် အံသွားအမှတ်(၃)ဖြစ်သည်။ ယင်းသွားနှစ်ချောင်းမှာ သက်တမ်းအားဖြင့် နှစ်သန်းပေါင်း ၃၇ဒသမ၂သန်းခန့်ရှိကြပြီး ယခင်ကတွေ့ရှိခဲ့ဖူးခြင်းမရှိသော ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ကြသည်။

ကွင်းဆင်းသုတေသနပြုရေးအဖွဲ့(၂) သည် မကွေးတိုင်း ပေါက်မြို့နယ်အတွင်းရှိ ချိုင်စောက်၊ မြို့ခင်းသာ၊ ပလောင်း၊ ချောင်းကူး၊ သန်းတောအိုင်၊ ဝက်ပုတ်၊ ရှု့ခွကြီးစသော ဒေသများ၌ ကွင်းဆင်းရှာဖွေခဲ့ရာ သက်တမ်း ၈သန်းမှ ၅သန်းရှိ မြန်မာနိုင်ငံ၌ ပထမဦးဆုံးတွေ့ရှိရသော အင်သရာကိုသီးရီး ဝက်မူလမျိုးနွယ်၏ ဘယ်ဘက်အောက်မေးရိုး၊ ရှေ့အံသွားနှင့် အံသွားများပါ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခု၊ သက်တမ်း ၅သန်းမှ ၃သန်းခန့်ရှိ ဖြူအနွယ်ဝင် ကျောက်ဖြစ်ရုပ်ကြွင်း၏ ညာဘက်မေးရိုးနှင့် အံသွားများပါ ကျောက်ဖြစ်ရုပ်ကြွင်း တစ်ခုတို့ကို ထူးခြားစွာ ရှာဖွေတွေ့ရှိခဲ့သည်။

ဆက်လက်ဆောင်ရွက်

ယခုကဲ့သို့ လူသားမျိုးနွယ်အစ ပရိုင်းမိတ်များကို စဉ်ဆက်မပြတ် ဖော်ထုတ်နိုင်သည်နှင့်အမျှ မြန်မာလူမျိုးတို့၏ ဇာတိဇာစ်မြစ်ဖြစ်တည်မှုသည် ပိုမိုရှင်သန်ခိုင်မာလာမည်ဖြစ်ရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မကွေးတိုင်း ပေါက်မြို့နယ်အတွင်းရှိ ချိုင်စောက်၊ မြို့ခင်းသာ၊ ပလောင်း၊ ချောင်းကူး၊ သန်းတောအိုင်၊ ဝက်ပုတ်နှင့် ရှု့ခွကြီးစသော ဒေသများ၌ သက်တမ်း ၈ သန်းမှ ၅ သန်းရှိ မြန်မာနိုင်ငံ၌ ပထမဦးဆုံးတွေ့ရှိရသော အင်သရာကိုသီးရီး ဝက်မူလမျိုးနွယ်၏ ဘယ်ဘက်အောက်မေးရိုး၊ ရှေ့အံသွားနှင့် အံသွားများပါ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း

မကွေးတိုင်း မြိုင်မြို့နယ် ဗဟင်းကျေးရွာတစ်ဝိုက်ရှိ ပုံတောင်ကျောက်လွှာစုများမှ ပရိုင်းမိတ်၏သက်တမ်း နှစ်သန်းပေါင်း ၃၇ဒသမ၂သန်းခန့်ရှိသော ပရိုင်းမိတ်ကျောက် ဖြစ်ရုပ်ကြွင်း သွားနှစ်ချောင်းကို တွေ့ရစဉ်။ (သတင်းစဉ်)



မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

နေပြည်တော်လယ်ဝေး အထက အာစရိယပူဇော်ပွဲ

နေပြည်တော်လယ်ဝေး သာဝတ္ထိအခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားပေးသွားသော ဆရာ ဆရာမများအား ဒုတိယအကြိမ် အာစရိယပူဇော်ကန်တော့ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက် (စနေနေ့)တွင် ယခင်နှစ်နည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီများထံ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (၀၈၃)

တောင်ငူ အထက(၄) အာစရိယပူဇော်မည်

တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄) (ယခင်ရှင်လုကာ အထက်တန်းကျောင်း)၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီးဦးလှထွန်း ဖုန်း-၀၅၄-၂၃၃၅၂နှင့် ဆရာမဒေါ်ခင်နုနု ဖုန်း-၀၅၄-၂၃၅၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၀၄၈)**

ဂန့်ဂေါမြို့၌ ဆေးရုံသုံးပစ္စည်းလှူဒါန်း

ဂန့်ဂေါမြို့ ခုတင် ၁၀၀ဆံ့ ဆေးရုံတွင် အသုံးပြုရန်လိုအပ်သော ငွေကျပ် ၁၈၄သိန်းကျော်တန်ဖိုးရှိ ဆေးရုံလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၂ရက် နံနက် ၁၁နာရီက ဂန့်ဂေါမြို့ ခုတင် ၁၀၀ဆံ့ တိုးချဲ့ဆေးရုံဆောက်လုပ်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပသည်။ (၀၇၁)

ချောင်းဦးမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာအုပ်စု စုပေါင်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၂ရက် ညနေ ၄နာရီက မြို့နယ်အားကစားကွင်း၌ကျင်းပရာ ချောင်းဦး တောင်ရပ်ကွက် အသင်းကို တောကျောင်းကြီးကျေးရွာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးသွားသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်း၌ စာဆိုတော်နေ့အကြို ဟောပြော

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီခွဲက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အထက(၁) မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ပေါင်မြို့နယ်၌ ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်

မွန်ပြည်နယ် ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၁၅ရက် နံနက်က ပေါင်မြို့နယ် ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူခင်းကျဆင်းရေး ကျိုက်ထို၌ ဟောပြော

ကျိုက်ထိုမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ရက် နံနက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူအသီးသီးက မှုခင်းကျဆင်းရေးဆိုင်ရာများ ဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

ချင်းပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဝင်း ဦးဆောင်ပြီး ဖလမ်းခရိုင် မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ဒေသခံတောင်သူများ လိုက်ပါလျက် နိုဝင်ဘာ ၁၈ရက် နံနက်က လိုင်ဇိုးကျေးရွာ တောင်သူ ဦးနီတလုံးလယ်ကွက်တွင် စပါးစံကွက် ရိတ်သိမ်းရာ ရွှေရည်အေးစပါးမျိုးတစ်ဧက ၈၂ဒသမ၁၈တင်း ထွက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်လောင်းမြို့ စင်းတောင်းကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ် စာစောင်၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို အောက်တိုဘာ ၂ရက် နံနက် ၈နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့ ကျေးရွာများ၌ ပညာပေးဟောပြော

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အသင်းအဖွဲ့ဝင်များသည် နိုဝင်ဘာ ၄ရက်က ပြင်ဦးလွင်မြို့နယ် အင်းပုတ်ကျေးရွာ ဖဲ့သင်းကျေးရွာများသို့ ကွင်းဆင်း၍ လူမှုရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြပြီး ကျန်းမာရေးပညာပေးဟောပြောကာ စာစောင်များဝေငှပေးသည်။ **(၀၈၈)**

ကြက်ဆူပင်စိုက်ပျိုးအောင်မြင်ရေး ကောလင်း၌ ဆွေးနွေး

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အဆင့် စိုက်ကြပ်ကော်မတီဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၅ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က မြို့နယ်အတွင်း လျာထားချက်အတိုင်း စိုက်ပျိုးထားသော ကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပြုစုပျိုးထောင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။ (၀၃၂)

နိုဝင်ဘာ၂၅ရက်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စု တောင်သူ ဦးဝင်း စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ကမ္ဘာပေါ်တွင် ၂၄၆သန်းသောပြည်သူများ ဆီးချိုသွေးချိုရောဂါဖြစ်ပွားနေ စုပေါင်းကာကွယ်ထိန်းသိမ်းခြင်းမပြုနိုင်ပါက နောင်အနှစ်၂၀အတွင်း လူသန်းပေါင်း ၃၈၀အထိ ပိုမိုတိုးပွားလာမည်

နေပြည်တော် နိုဝင်ဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ၂၅ရက် နံနက်စနာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီလာသော်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ၊ ကျန်းမာရေး ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးမူဝါဒမှာ "နိုင်ငံတော်အတွင်း ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် ကာကွယ်ကုသရေး လုပ်ငန်းများကို ကြိုတင်စဉ်းစား စီမံထားရန်" ဆိုသည့် မူဝါဒနှင့်အညီ နိုင်ငံတော်တွင် နောင်နှစ်အနည်းငယ်အတွင်း ဖြစ်လာနိုင်သည့် ကျန်းမာရေး ပြဿနာ တစ်ခုဖြစ်သည့် ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အမျိုးသားကျန်းမာရေး စီမံကိန်း(၁၉၉၃-၁၉၉၆) ခုနှစ်မှ စတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် **"လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်ရေး"**၊ **"လူတိုင်း ရောဂါဘယ ကင်းရှင်းရေး"**တို့နှင့် အညီ ပြည်သူလူထုအတွင်း ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ပြဿနာ တစ်ခုဖြစ်သည့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကိုဆောင်ရွက်ရာတွင်ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

ကာကွယ်ထိန်းသိမ်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် ၂၄၆ သန်းသော ပြည်သူများသည် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေကြကြောင်း၊ ယင်းရောဂါကို စုပေါင်း ညီညာစွာ ကာကွယ်ထိန်းသိမ်းခြင်း မပြုနိုင်ပါက နောင်အနှစ် ၂၀အတွင်းမှာ လူသန်းပေါင်း ၃၈၀အထိ ပိုမိုတိုးပွား ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေး လုပ်ငန်းများကိုလည်း တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြမှသာ ကုလသမဂ္ဂ၏ ကမ္ဘာ့ဆီးချိုသွေးချို ရောဂါကာကွယ်ရေးနှင့်ကပ်ရောဂါအဖြစ်မှ ကင်းဝေးရေးရည်မှန်းချက်များ အောင်မြင်မှာဖြစ်ကြောင်း။

လေ့ကျင့်

ယခု၂၀၀၈ခုနှစ်၏ ဆောင်ပုဒ်မှာ **"ဆီးချိုရောဂါကာကွယ်မှု၊ ငယ်စဉ်ကပင်သတိပြု"**ဟုသတ်မှတ်ကာဆီးချိုသွေးချိုရောဂါ လက္ခဏာများကို ကလေးနှင့် ဆယ်ကျော်သက် အရွယ်များတွင် သတိပြုမိ လာစေရေး၊ ကလေးများတွင် Diabetic Ketoacidosis ခေါ် ကီတုန်းဓာတ် ပစ္စည်း အက်စစ်ဓာတ်များ များပြားသည့် ရောဂါဖြစ်ပေါ်မှုကို လျှော့ချနိုင်ရေး၊ ကလေးသူငယ်များတွင် အမျိုးအစား (၁)ဆီးချိုရောဂါသာမက အမျိုးအစား (၂) ဆီးချိုရောဂါပါ ဖြစ်နှုန်းများ တိုးပွား ဖြစ်ပေါ်နေမှုကို သတိမူလာမိကြစေရန်၊ ဆီးချိုသွေးချိုရောဂါရှိသော ကလေးသူငယ်များတွင် နောက်ဆက်တွဲဆင့်ပွားရောဂါများ ဖြစ်ပွားမှုကို လျှော့ချစေရန်နှင့် အမျိုးအစား (၂)ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုကိုကလေးသူငယ်ဘဝမှစတင်၍ ပြုမူ နေထိုင်နိုင်အောင် လေ့ကျင့်ပေးသွားကြရန် လိုကြောင်း၊ လူငယ်ဘဝကစပြီး ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်မှု (Healthy Lifestyle)ဖြင့် နေထိုင်နိုင်အောင် လေ့ကျင့်ပေးသွားကြရန် လိုအပ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့၏ ရည်ရွယ်ချက် ပေါက်ရောက် အောင်မြင်ပြီး ဆီးချိုသွေးချိုရောဂါကြောင့် နိုင်ငံတော်အပေါ် ကျရောက်လာမည့် ကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့နည်းနိုင်သမျှ လျှော့နည်းရအောင် ဆောင်ရွက်သည့် အခါ ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူ ဆီးချိုသွေးချိုရောဂါရှင်များ၊ ဆွေမျိုးသားချင်းများ၊ ဆီးချိုသွေးချိုရောဂါ ကာကွယ် ကုသရေးကို စိတ်ပါဝင်စားသူများအားလုံးနှင့် ပြည်သူလူထု တစ်ရပ်လုံးကပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဦး အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်း ရေဦးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြပြီး သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမ ၁၃၀တို့အား ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ရက် (တနင်္ဂနွေနေ့) နံနက်၇နာရီတွင် ရေဦး အထက(၁) ကံ့ကော်ဆောင် ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာဦးကိုကိုကြီး ဖုန်း-၀၁-၅၀၁၇၁၁၊ ဦးကံကြီးမောင် ဖုန်း-၀၁-၂၉၇၉၁၆၊ ဦးကျော်ဝင်း ဖုန်း-၀၂-၅၄၁၇၈၊ ဦးမောင် ဖုန်း-၀၉-၂၀-၃၁၄၅၉၊ ဒေါ်အောင်ကြည် ဖုန်း-၀၇၁-၂၁၁၁၆၊ ဒေါ်အေးအေးကြွယ် ဖုန်း-၀၇၁-၂၂၁၀၈တို့သို့ ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

လားရှိုး နိုဝင်ဘာ ၂၆

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး (လားရှိုး)မှ ဦးစောတီနေထူး (လက်ထောက်အင်ဂျင်နီယာ) ဦးဆောင်၍ ဦးသူရိန်စိုး(စက်မှုကျွမ်းကျင်-၃)၊ ဦးမြင့်ဦး (စာရင်းကိုင်-၂)၊ ဦးသောင်းစိန် (စစ်ဆေးရေးမှူး-၂)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးငွေစိုး (ဦးစီးအရာရှိ)၊ ဦးမျိုးမင်းဆွေ (အကြီးတန်းစာရေး)၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်နေလင်း၊ တပ်ကြပ်ကြီးလှအေး၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဦးအောင်မြင့်(ဒုဥက္ကဋ္ဌ)၊ ဦးမျိုးညွှန့်တို့နှင့်အတူ နိုဝင်ဘာ၂၃ရက် နံနက် ၉နာရီခွဲက လားရှိုးမှ တန့်ယန်းနှင့်နမ္မတူသို့ပြေးဆွဲမည့် တော်ဝင်၊ ငွေရတနာမန်း၊ ကြယ်သုံးလုံး၊ ဆန်းလိုက်မော်တော်ယာဉ်အသင်းတို့အား မော်တော်ယာဉ်ကြံ့ခိုင်မှုနှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ်/ကညန)**

မန်ယူနှင့်ဗီလာရီးရဲလ်တို့ သရေကျပြီး နောက်တစ်ဆင့်တက် အာဆင်နယ်နှင့်ရီးရဲတို့လည်း နိုင်ပွဲရပြီး ရှေ့ခရီးဆက်

စုစည်းရေးသားသူ-မောင်ချစ်ကြည် စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ

လန်ဒန် နိုဝင်ဘာ ၂၆

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၆ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အသင်းကြီးများအားလုံး သရေနှင့်နိုင်ပွဲများရရှိပြီး မန်ယူ၊ ဗီလာရီးရဲလ်၊ လိုင်ယွန်၊ ဘိုင်ယန်၊ အာဆင်နယ်၊ ပေါ်တို၊ ရီရဲမက်ဒရစ်နှင့် ဂျူဗင်းတပ်စ် အသင်းများ ချန်ပီယံလိဂ်နောက်တစ်ဆင့်သို့ တက်ရောက်ခွင့် ရရှိသွားကြသည်။

ဗီလာရီးရဲလ်နှင့် မန်ယူ

ဘာဘာတော့ဗ်နှင့်ဗန်ဒါဆားတို့ မပါဝင်သည့် မန်ယူတို့ အဝေးကွင်း၌ ဗီလာရီးရဲလ်ကို ပွဲအစ၌ပင် ဖိကစားနိုင်ခဲ့သည်။ စီရိုနယ်ဒို၊ရွန်နေ၊ နာနီနှင့် ဖလက်ချာတို့အားကိုးနှင့် ဗီလာရီးရဲလ်ကွင်းတွင် မန်ယူတို့ ထိုးဖောက်ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့ချေ။ အိမ်ကွင်းခြေမာသော ဗီလာရီးရဲလ်က မန်ယူကို ဂုဏ်သိက္ခာအရ အနိုင်ကစားရန်ကြိုးစားခဲ့သော်လည်း ၈၂မိနစ်တွင် စီရိုနယ်ဒိုကို ကြမ်းတမ်းစွာ ကစားမှုကြောင့် ဗီလာရီးရဲလ်မှ ကက်ဒီဗီလာ အနီကတ်ပြအထုတ်ခံရသည်။ ဗီလာရီးရဲလ်၏ ရော့စီနှင့် ပီရက်စ်တို့ကလည်း ဂိုးဝင်အောင် မသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သော်လည်း နှစ်သင်းစလုံး ငါးပွဲကစား ကိုးမှတ်ဖြင့် ချန်ပီယံလိဂ် နောက်တစ်ဆင့် တက်ရောက်သွားသည်။ ယခုပွဲ၌ ရွန်နေ အကောင်းဆုံးဆုရရှိခဲ့သည်။

အာဆင်နယ်နှင့် ဒိုင်နမိုကိဗ်

ဂါးလက်စ်ပါဝင်ကစားသည့် အာဆင်နယ်အသင်း အိမ်ကွင်း၌ ဧည့်သည့် ဒိုင်နမိုကိဗ်ကို အပေါ်စီးမှ ဖိကစားနိုင်ခဲ့သည်။ အာဆင်နယ်၌ ကိုလိုတိုရေး၊ အဒီဘာယောနှင့်နာဆရီတို့ မပါဝင်သော်လည်း ခြေစွမ်းပြ ထိုးဖောက်ကစားခဲ့မှုကြောင့် ဒိုင်နမိုကိဗ်တို့ ခံစစ်ကြောင်းလုံအောင် စုပြုံပိတ်ဆို့ ကာကွယ်ခဲ့ရသည်။ ဒိုင်နမိုကိဗ်တိုက်စစ်မှူးဘန်ဂိုရာ အပိုင်ကန်သွင်းချက် ဂိုးတိုင်ထိသွားသဖြင့် နစ်နာခဲ့ရသည်။ အာဆင်နယ် အသင်းခေါင်းဆောင်သစ် ဖာဘရီဂတ်စ်ခြေပေါ်အောင် ကစားနိုင်ခဲ့သော်လည်း ဂိုးမရရှိဘဲ ၈၇မိနစ်ရောက်မှသာ ဒီနယ်လ်ဆင် ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဘင့်တနာအပိုင်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။ ပွဲချိန် ၈၉မိနစ်၌ ဒိုင်နမိုကိဗ်အသင်းမှ အလီယက်ကြမ်းတမ်းစွာ ကစားမှုကြောင့် အနီကတ်ပြ အထုတ်ခံခဲ့ရသည်။ အာဆင်နယ်တို့ နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

ဘိုရီဆော့ဗ်နှင့် ရီးရဲမက်ဒရစ်

အနိုင်ရမှ နောက်တစ်ဆင့်တက်မည်ဖြစ်သဖြင့် ရီးရဲတိုက်စစ်မှူး ရာအူးလ်နှင့်ဆာဗီလိုလာတို့ အထူးကြိုးစားကစားခဲ့သည်။ ပွဲချိန်ခုနစ်မိနစ်တွင် ဒရန်သီဖန်တီးပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူးရာအူးလ်က ဘယ်ခြေနှင့် အပိုင်ကန်သွင်းခဲ့သဖြင့် ဂိုးရရှိခဲ့သည်။ ပထမပိုင်း ချေပဂိုးမသွင်းနိုင်ခဲ့သော ဘိုရီဆော့ဗ်သည် ဒုတိယပိုင်းတွင်လည်း ကွင်းလယ်ကစားသမား အလီယက်ဗ်နစ်ဝါတစ်ခ်ီဖြင့် အထုတ်ခံခဲ့ရသည်။ ရီးရဲမက်ဒရစ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

ဗီလာရီးရဲလ်နှင့် မန်ယူတို့ပွဲတွင် မန်ယူမှ ကာရစ် (ယာ) ထိုးဖောက်ကစားမှုကို ကာဇိုလာ လိုက်လံဟန့်တားစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘိုင်ယန်မြူးနစ်နှင့် စတူအာဘူခါရက်

ကလိုဆေးနှင့် တိုနီတို့ခြေစွမ်းပြ ကစားနိုင်ခဲ့မှုကြောင့် ဘိုင်ယန်မြူးနစ်တို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အိမ်ကွင်း၌ ခြေအသာဖြင့်ကစားနိုင်ခဲ့သော ဘိုင်ယန်မြူးနစ်တို့ ပထမပိုင်း၌ စတူအာဘူခါရက်တို့က ခံကစားနေမှုကြောင့် ဂိုးမသွင်းနိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန် ၅၇မိနစ်နှင့် ၇၁မိနစ်တို့တွင် ကလိုဆေးက နှစ်ဂိုး၊ ၆၁မိနစ်၌ တိုနီက တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

ဇင်းနစ်နှင့် ဂျူဗင်းတပ်စ်

အိမ်ရှင်ဇင်းနစ်တို့က လူစုံထုတ်ပြီး ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဂိုးသွင်းခွင့်များရရှိခဲ့သည့်အနက် ဇင်းနစ်တိုက်စစ်မှူး ဒါနီ ကန်သွင်းချက်ကို ဂျူဗင်းတပ်စ် ဂိုးသမားကာကွယ်နိုင်ခဲ့၍ ဂျူဗင်းတပ်စ်တို့ ဂိုးမပေးရခြင်းဖြစ်သည်။ ဂျူဗင်းတပ်စ်မှ ဒယ်ပယ်လ်ရီး၊ အီယာကွင်တာတို့ကလည်း ထိရောက်စွာ ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ ယခုပွဲသရေကျသော်လည်း ဂျူဗင်းတပ်စ်တို့ နောက်တစ်ဆင့်တက်ခဲ့သည်။

ထို့အတူ လိုင်ယွန်နှင့် ပေါ်တိုတို့လည်း နိုင်ပွဲရရှိသဖြင့် ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့ကြခြင်း ဖြစ်သည်။ ။

(ကိုးကား-အင်တာနက်)

● *ကျော်ဖုံးမှ*

ယဉ်ကျေးပျူငှာ

ငွေဆောင်တွင် မိမိတို့အဖွဲ့သည် Emerald Sea Resort တွင် တည်းခိုကြသည်။ အဆိုပါဟိုတယ်ကို ၂၀၀၅ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၂၀၀၆ခုနှစ်မှ စတင်၍ အခန်း ၂၃ခန်းဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည် ဆို၏။ Deluxe အမျိုးအစား Sea View ငါးခန်း၊ Superior အမျိုးအစား Garden View ၁၈ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ဧည့်ကြိုဆောင်၊ စားသောက်ခန်းမ၊ အစည်းအဝေးခန်းမများလည်း ပါရှိသည်။ ဧည့်သည်များအား ရန်ကုန်မှ ငွေဆောင် စရိတ်ငြိမ်း ခရီးသည်များထွက်၍ ရွာဘက်သို့လျှောက်ခဲ့သည်။ ငွေဆောင်သည် ယခင်ကလို ရွာကလေးမဟုတ်တော့ပါချေ။ ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်းမှ မြို့တစ်ခုအဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ဖွဲ့စည်းပေးထားသည်ဟု သိရပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဌာန၊ စာတိုက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးစခန်း (က) အဆင့်၊ ရဲတပ်ဖွဲ့စခန်းနှင့် ပြည်သူ့ဆေးရုံ စသည်တို့ဖြင့် ဝင့်ထည်လျက်ရှိနေပေပြီ။

ဖွံ့ဖြိုးတိုးတက်

ငွေဆောင်တွင် ရပ်ကွက်ကြီးလေးခု၊ ကျေးရွာ၄၉ရွာရှိပြီး ပင်လယ်အပန်းဖြေစခန်းကို ၂၀၀၀ပြည့်နှစ်၌ ဖွင့်လှစ်ခဲ့ပြီး ယခု ရှစ်နှစ်သက်တမ်းကာလအတွင်းရောက်ရှိနေကာ ဟိုတယ်အားလုံးပေါင်း ၂၁လုံးအထိ ရှိနေပြီဖြစ်ကြောင်း ရှင်းပြခဲ့သည်။

အားထုတ်ကြိုးပမ်း

၂၀၀၀ပြည့်နှစ်မှ ၂၀၀၆ခုနှစ်အထိ ကာလမှာ ပြည်ပဧည့်သည်အများအပြားလာပြီး ၂၀၀၇-၂၀၀၈ ခုနှစ်မှာတော့ ပြည်တွင်းမှ အပန်းဖြေသူတွေ အလာများကြောင်း၊ ရန်ကုန်မှ ငွေဆောင် သွားလာရေးမှာလည်း လမ်းပန်းဆက်သွယ်ရေး ကောင်းနေပြီဖြစ်၍ ကမ်းခြေဟိုတယ်များ အများစုမှာ နွေရာသီမိုးမှာပါ အမြဲဖွင့်ထားကြသည်။ ငွေဆောင်ဇုန် ဟိုတယ်ဆိုင်ရာ ချောမွေ့စေရန် ကမ်းခြေလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး ကမ်းခြေ ရေရှည်တည်တံ့စေရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကမ်းခြေသန့်ရှင်းရေးတို့ကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အသင်းအနေဖြင့် ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွား အပန်းဖြေသူများအတွက်စိတ်ဝင်စားဖွယ်ပြပွဲနှင့် ပြိုင်ပွဲများကို တစ်လတစ်ခါ ကျင်းပသွားရန် စီစဉ်ထားသည်။ ဥပမာ လွှတ်လပ်ရေးကဲ့သို့ နေ့ကြီး ရက်ကြီးများတွင် ရိုးရာအကပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သကဲ့သို့ ငွေဆောင်ကမ်းခြေဒေသတွင် ပညာရေးဆိုင်ရာ

သဘာဝပင်လယ်ကြီးနှင့်အတူ အလှချင်းပြိုင်နေသော နိုင်ငံတကာအဆင့်မီဟိုတယ်များ၏ ရေကူးကန်အတွင်း၌ ဘောလုံးပစ်ကစားနည်းများဖြင့် ဤသို့ အပန်းဖြေကစားနိုင်ကြသည်။ (မြန်မာ့အလင်း)

လည်းစီစဉ်ပေးလျက်ရှိပြီး အခန်းတွင်း ဝန်ဆောင်မှုများအနေဖြင့် လေအေးစက်၊ ရေပူ-ရေအေး၊ ရေခဲသေတ္တာ၊ နိုင်ငံတကာ ရုပ်သံလိုင်းများ၊ DVD ပြစက်တို့ ထားရှိပေးထားသည်။ ဟိုတယ်ရှိ စားသောက်ဆိုင်၌လည်း မြန်မာ၊ ထိုင်း၊တရုတ်အစားအစာများကို သင့်တင့်သော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် Emerald Sea Resort ၏ လှပခေတ်မီ၍ သက်သောင့်သက်သာရှိသော အဆောက်အအုံများနှင့်အတူ ယဉ်ကျေးပျူငှာ၍ ပြည့်စုံသော ဟိုတယ်ဝန်ဆောင်မှုများကြောင့်လည်း ကျေနပ်နှစ်သက်ခဲ့ရသည်။

ဝင့်ထည်နေ

နောက်တစ်နေ့နံနက်၌ ငွေဆောင်ကို လေ့လာစေရန် ဟိုတယ်မှ ငါးဖမ်းခြင်း လုပ်ငန်းအပြင် စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်း၊ ကမ်းခြေဟိုတယ်များနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင် လုပ်ငန်းများ၊ စားသောက်ဆိုင်နှင့် တည်းခိုခန်း လုပ်ငန်းများ ပါဝင်ခွင့်ရနေသဖြင့် စီးပွားရေးဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်းပါ တိုးတက်လျက်ရှိနေကြပေပြီ။

စာရေးသူသည် ငွေဆောင်ဒေသကို လေ့လာ စေ့ငုခဲ့ပြီးနောက် ငွေဆောင်မှ ဟိုတယ်ပိုင်ရှင်တစ်ဦးဖြစ်ပြီး ဟိုတယ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးနှင့် ငွေဆောင် ဟိုတယ်ဇုန်၏ အတွင်းရေးမှူး ဦးကျော်ထွန်းနှင့် တွေ့ဆုံ၍ ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းနှင့်ပတ်သက်၍မေးမြန်းကြည့်ရာ ဦးကျော်ထွန်းက ငွေဆောင်ကမ်းခြေ လုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားထုတ်ကြိုးပမ်းလျက်ရှိသည်။ ယခုအခါ အရှည်သုံးမိုင်ခွဲခန့်ရှိသော ဟိုတယ်ချင်းဆက် လမ်းမကြီးဖောက်လုပ်ထားသကဲ့သို့ ရေရရှိရေးနှင့်ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်အခြေခံသင်တန်းများ၊ ရှေးဦးသူနာပြုစုနည်းနှင့် ပင်လယ်ရေပြင် အသက်ကယ်သင်တန်းများအပြင် လုံခြုံရေးသင်တန်းများကိုပါ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဖွင့်လှစ်ထားသည်။

စီစဉ်ထား

ငွေဆောင် ဟိုတယ်ဇုန်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ လက်အောက်တွင် လုပ်ငန်းများ အဆင်ပြေ ဝန်ဆောင်မှုပေးသော လုပ်ငန်းများ ထားရှိရန် စီစဉ်ထားရှိသည်။

ဒေသဖွံ့ဖြိုးရေး

ထို့အပြင် ငွေဆောင်တွင် မော်တော်ကား ရေဆေး ဆီထိုးလုပ်ငန်းနှင့် လုံးချင်းအိမ်ရာများအတွက် မြေနေရာများချထားပေးနိုင်ပါက ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရေးတို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့လျှင် ငွေဆောင်ဒေသသည် ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။

ထာဝရလှပနေ

ဤကဲ့သို့ ဖွံ့ဖြိုးဝေစည် အလှပသာဒတို့ဖြင့် ငွေဆောင်သည် ထာဝရလှပနေမည်သာဖြစ်ပါကြောင်း ကွင်းဆင်း ထိတွေ့ခံစား ရေးဖွဲ့လိုက်ရပါတော့သည်။ ။

(မြန်မာ့အလင်း)

သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာမှ တောင်သူကြီးများ နွေစပါးစိုက်ပျိုးရန် လယ်ယာ(၁၆)ထွန်စက်များဖြင့် ထွန်ယက်နေကြသည်ကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

❒ *ရှေ့ဖုံးမှ*

ယခင်က ရေထိန်းတံခါးမရှိ၍ မုတ္တမပင်လယ်မှ ပင်လယ်ရေများဝင်ရောက်ကာ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးသဖြင့် မိုးရာသီတစ်ခုတည်းကိုသာ အားကိုး၍ စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးခဲ့ကြရသည်။ ဆိပ်ကျွန်း-ကျိုက္ကော်-တတိုက်ကြီး-မရမ်းကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာအားလုံးမှာ ပင်လယ်ဒီရေတက်၍ ရေငန်များဝင်လာတိုင်း စပါးပျိုးထောင်ရာတွင်ပင် အောင်မြင်မှုမရခဲ့ချေ။

ထိန်းသိမ်းထားနိုင်

ယခုအခါ ဆိပ်ကျွန်းချောင်းပေါ်တွင် အကျယ် ခြောက်ပေ၊ အမြင့် ၁၂ပေရှိသည့် ရေထိန်းတံခါး ၁၅ပေါက်ဖြင့် အကာအကွယ်ပေးနိုင်ပြီ ဖြစ်သည်။ ဆားချောင်းနှင့် ဆိပ်ကျွန်းဝန်းကျင်ရှိ ရေကြီးရေလွှမ်းကျွန်းများသို့ ဒီရေမဝင်ရောက်နိုင်ရန် ထိန်းသိမ်းနိုင်ပြီဖြစ်သည်။ ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ စိုက်ပျိုးမြေများသို့ မဝင်ရောက်နိုင်ရန် တားဆီးပေးနိုင်ပြီဖြစ်သည်။ သီးနှံစိုက်ပျိုးရန် မိုးတွင်းရေချိုများ ထိန်းသိမ်းထားနိုင်ပေပြီ။

မြေကြီးကရွှေသီး

ယခုအခါ ဆိပ်ကျွန်းချောင်းဘေး ကျေးရွာများမှ တောင်သူလယ်သမားများ ချောင်းတွင်းသိုလှောင်ထားသော ရေချိုများကို စိုက်ပျိုးမြေများဆီသို့ မိမိအစီအစဉ်ဖြင့် ရေစုပ်စက်များဖြင့် သွယ်တန်းသယ်ယူနေကြသည်ကို တွေ့ရသည်။ နွေစပါးစိုက်ပျိုးရန် လယ်ယာမြေများကို စက်မှုလယ်ယာထုတ် လယ်ယာ(၁၆) ထွန်စက်များဖြင့် ထွန်ယက်နေကြပြီဖြစ်သည်။ ရေထိန်းတံခါးတည်ဆောက်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးပါ ကောင်းမွန်လာသည်။ လယ်မြေဧက ၁၀၀၀၀ အတွက် မိုးစပါး၊ နွေစပါး၊ ပဲ၊ နှမ်း၊ နေကြာတို့ကို သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် အခွင့်အလမ်းရှိလာပြီဖြစ်ရာ မကြာသောကာလအတွင်းမှာ ဆိပ်ကျွန်းချောင်းနံဘေးမှ ကျေးရွာအားလုံး ဆိပ်ကျွန်းရေထိန်းတံခါးကျေးဇူးဖြင့် မြေကြီးက ရွှေသီးလာတော့မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)သည် ညောင်လေးပင်မြို့နယ်မှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၆ရက် နံနက် ၁၀နာရီတွင် ညောင်လေးပင်မြို့နယ် အထက(၁)ခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အဆိုပါပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး၊ အထက(၁) ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး ဆုပေးပွဲကို ကျင်းပရာ ငါးဘာသာဂုဏ်ထူးရ လေးဦးအပါအဝင် ဆုရကျောင်းသား ကျောင်းသူ ၆၉ဦးတို့အား ဆုများ ချီးမြှင့်ခဲ့ကြောင်း၊ ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)မှ ညောင်လေးပင်မြို့အတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက် ဖောင်ပိတ်သတင်း

သေနတ်သမား ဝင်ရောက်ပစ်ခတ်ခဲ့သည့် မွမ်ဘိုင်းမြို့မှ နာမည်ကြီး စားသောက်ဆိုင်၏ ရှေ့မျက်နှာစာကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံး လူ ၂၀သေဆုံး၊ ၂၅ဦး ဒဏ်ရာရ

မွမ်ဘိုင်း နိုဝင်ဘာ ၂၆

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ကိုလာဘားအရပ်တွင် နိုဝင်ဘာ ၂၆ရက် ညပိုင်းက သေနတ်သမားတစ်ဦး၏ ရမ်းကားစွာပစ်ခတ်မှုကြောင့် သေဆုံးသူအနည်းဆုံး လူ၂၀ရှိပြီး ၂၅ဦးဒဏ်ရာရရှိခဲ့ကြောင်း မွမ်ဘိုင်းမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဝင်ရောက်ပစ်ခတ်

သေနတ်သမားမှာ မွမ်ဘိုင်းမြို့ ဘူတာရုံနှင့် ကမ္ဘာလှည့်ခရီးသွားအများစု လာရောက်စားသောက်ရာ နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဟိုတယ်

ထို့အပြင် မွမ်ဘိုင်းမြို့ရှိ ဟိုတယ်နှစ်လုံးနှင့် ဆေးရုံတစ်ရုံအတွင်းသို့လည်း သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့သည်။ သေနတ်သမား ဝင်ရောက်ပစ်ခတ်ခဲ့သည့်နေရာမှာ တာ့ဂျ်မဟာပဲလေ့စ်ဟိုတယ်၏ အခန်းတစ်ခန်းအတွင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာအောင်မြင်မှုရနိုင်သော အခြေခံအချက်များ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် 'How to become rich and famous' ချမ်းသာအောင်မြင်မှုကို ရနိုင်သော အခြေခံအချက်များ ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ၂၂ရက်က မန္တလေးမြို့ရှိ Hotel Mandalay၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် SMART Technical Services Co.,Ltd. ၏ Managing Director ဦးကျော်ကျော်လှိုင်က ဆွေးနွေး ဟောပြောပြီး မန္တလေးမြို့မှ မဂ္ဂဇင်းဖတ်ရှုသူများ၊ ကြော်ငြာရှင်များ၊ ကုမ္ပဏီလုပ်ငန်းအသီးသီးမှ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

CEO မဂ္ဂဇင်းအနေဖြင့် မန္တလေးမြို့၌ ပထမဆုံးကျင်းပသော ဟောပြောဆွေးနွေးပွဲကို မင်းကြီးကြိုက်လုံချည်က ပံ့ပိုးကူညီခဲ့ပြီး အောင်သမာဓိ ရွှေဆိုင်၊ အောင်မြန်မာလျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးနှင့် ဟိန်းလျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးတို့ကလည်း ဝိုင်းဝန်းပံ့ပိုးခဲ့သည်။

ဆွေးနွေးပွဲတွင် တူဒေးစာအုပ်တိုက်၏ လစဉ်ထုတ် မဂ္ဂဇင်းများဖြစ်သော Lifestyle မဂ္ဂဇင်း၊ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း၊ PC World Myanmar ကွန်ပျူတာမဂ္ဂဇင်း၊ ပလုတ်တုတ် ကလေးဂျာနယ်တို့ကို အထူးနှုန်း တစ်နှစ်စာ ကြိုတင်ငွေသွင်းလက်ခံခဲ့ပြီး တူဒေးတိုက်ထုတ် လုံးချင်းစာအုပ်များကို ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ငူ အလက(၃) အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၆

တောင်ငူမြို့ အလက(၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် သက်ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ယခုနှစ် ဒီဇင်ဘာ၃၀ရက် (အင်္ဂါနေ့) နံနက်၈နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးမျိုးဆွေ ဖုန်း-၀၅၄-၂၄၃၇၅၊ ဦးအောင်ဘုံ ဖုန်း-၀၉-၅၃၅၁၄၄၉၊ ဦးကျော်သန်း ဖုန်း-၀၅၄-၂၃၀၀၈နှင့် ဦးထွန်းကြည် ဖုန်း-၀၅၄-၂၃၃၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အမျိုးသားရေးတာဝန် ကျေပွန်ကြပါစို့

"ယနေ့နိုင်ငံတော်၏ အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားရေး လုပ်ငန်းကြီးသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ပြီး တည်ငြိမ်အေးချမ်းသာယာသည့် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ ထိုကြီးမားမွန်မြတ်လှသည့် အမျိုးသားရေး လုပ်ငန်းကြီးကို ဆောင်ရွက်ရာတွင် စုစည်းညီညွတ်သည့် အမျိုးသားရေး အဖွဲ့အစည်းကြီး၏ အင်အားနှင့် ပေါင်းစပ်ပြီး တည်ဆောက်မှသာ ပိုမို ခရီးရောက် အောင်မြင်နိုင်မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖွဲ့စည်းနိုင်သည်နှင့်အမျှ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရပ်တည် သွားနိုင်ရန်အတွက် အားကိုးအားထားရမည့် အခြေခံစွမ်းအားစုကြီးအဖြစ် တည်ရှိနေမှာပင် ဖြစ်ကြောင်း"

(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အသင်းအမှုဆောင်များ၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၄/၉၄)ဆင်းပွဲ အခမ်း အနားတွင် လမ်းညွှန်မှာကြားသည့် ဩဝါဒစကား ကောက်နုတ်ချက်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အထက်တွင် ရည်ညွှန်းဖော်ပြထားသည့် အသင်းနာယကကြီးဖြစ်သော နိုင်ငံတော်အကြီး အကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြား ဩဝါဒနှင့်အညီ နိုင်ငံတော်၏ အရေးအကြီးဆုံး အမျိုးသားရေးလုပ်ငန်းကြီးအား ပြည်သူ တို့နှင့်အတူ ပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ အမျိုးသားရေး အင်အားစုကြီးအဖြစ် ဖွဲ့စည်းတည်ဆောက်လာခဲ့ခြင်းပင် ဖြစ်သည်။ **"တစ်နည်းအားဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးသမိုင်းစဉ်တရားက မွေးဖွားဖြစ်တည် ရှင်သန်လာခဲ့သော အမျိုးသားရေး အင်အားစုကြီးပင် ဖြစ်သည်။"**

ထို့ကြောင့်ပင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အဓိဋ္ဌာန်အဖြစ် **"ပြည်ထောင်စုမြန်မာနိုင်ငံတော် အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရေး၊ နိုင်ငံတော် အချုပ် အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့ အတွက် ကာကွယ်စောင့်ရှောက် ဆောင်ရွက်ရန်"** ဟူ၍ အဓိဋ္ဌာန်ပြု ထားခဲ့ပြီး ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသား ရေးအကျိုးစီးပွားကို တည်ဆောက်ရန် ဖြစ်သကဲ့သို့ ကာကွယ်စောင့်ရှောက် ရန် ဖွဲ့စည်းထားသော အမျိုးသားရေးအင်အားစုလည်း ဖြစ်သည်။

ဤသို့အားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ သည် ပြည်နယ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာများအထိ နိုင်ငံတစ်ဝန်းတွင် ကျယ်ပြန့်စွာ စည်းရုံးဖွဲ့စည်းလာနိုင်သည်နှင့်အမျှ အသင်းကြီး သက်တမ်း(၁၅)နှစ်ကျော် ကာလအတွင်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးဆိုင်ရာ အကျိုးစီးပွားကို ပြည်သူ တို့နှင့်အတူ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြသည်။ ကာကွယ် စောင့်ရှောက်နိုင်ခဲ့ကြသည်။

ပြည်သူတို့နှင့်အတူနေ အတူစားပြီး ပြည်သူတို့၏ လယ်ယာလုပ်ငန်း များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လမ်းခင်း တံတားဆောက် လုပ်ငန်းများ၊ ပညာရေးအထောက်အပံ့ လုပ်ငန်းများ၊ သဘာဝဘေး အန္တရာယ်အတွက် ကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများ စသော အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာ လုပ်ငန်းများကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်သည် မွန်မြတ်ကြီးမားသော အမျိုးသားရေးတာဝန်အဖြစ် တက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သည်။

ထို့အတူ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသော အမျိုးသားရေးဆိုင်ရာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများတွင်လည်း တိုင်းရင်းသား ပြည်သူတို့နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့် သည် အမျိုးသားရေးတာဝန်အဖြစ် လေးနက်စွာခံယူယုံကြည်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းအပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် တက်ကြွရဲရင့်ပြီး ရိုးသားဖြောင့်မတ်သည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူ လူငယ်လူရွယ် မျိုးဆက်သစ်များဖြင့် ဖွဲ့စည်းထားသော အမျိုးသားရေး အဖွဲ့အစည်းဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဆိုင်ရာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် မျက်မှောက် ကာလတွင် ပြည်သူတို့နှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အလားတူပင် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးဆိုင်ရာ ဘုံရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးသည် အနာဂတ်ကာလတွင် မလွဲမသွေ ဖြစ်ထွန်းပေါ်ပေါက် လာတော့မည်ဖြစ်ရာ ယင်းနိုင်ငံတော်သစ်ကြီးအား ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေးတာဝန်ကိုလည်း ဆက်ခံ ထမ်းဆောင်ကြရမည် ဖြစ်သည်။

ကေတုနီလာ

မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်သည် နိုင်ငံတော် ရှေ့ဆက် သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် စတုတ္ထအဆင့်အထိ နိုင်ငံတော် အစိုးရ၊ ပြည်သူ၊ တပ်မတော်အပါအဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ ကျစ်လျစ်သိပ်သည်းသော စည်းရုံးရေးအင်အားဖြင့် ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ ကျန်ရှိနေသေးသော အဆင့်သုံးဆင့်ကို အောင်မြင်စွာ ဖြတ်သန်း လျက် နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် သစ်ကြီး ဖွဲ့စည်းဖြစ်တည်လာရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကလည်း အမျိုးသားရေးတာဝန်အဖြစ် ပြည်သူတို့နှင့် အတူ တလုံးတစည်းတည်း ပေါင်းစည်း အကောင်အထည်ဖော် ဆောင်ရွက် ကြရမည် ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် အရေ အတွက်မှ အရည်အချင်းသို့ ရောက်ရှိလာစေရန် အသင်း၏သက်တမ်းကာလ (၁၅)နှစ်ကျော်အတွင်း အမှုဆောင်စီမံခန့်ခွဲရေးသင်တန်းများ၊ အထူးမွမ်းမံ သင်တန်းများ၊ နိုင်ငံတကာရေးရာ သင်တန်းများ၊ အခြေခံစာရင်းကိုင် သင်တန်းများ၊ ပြည်နယ်နှင့်တိုင်းများရှိ အသင်းများက ပို့ချခဲ့သော စီမံ ခန့်ခွဲရေး ဆင့်ပွားသင်တန်းများ၊ ယဉ်ကျေးမှုသင်တန်းများ၊ ဘာသာစကား သင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ ဂီတသုခုမအနုပညာသင်တန်းများ၊ သတင်းစာပညာ သင်တန်းများကိုလည်း စာတွေ့လက်တွေ့ တက်ရောက် လေ့လာ သင်ကြားခဲ့ကြပြီး ဖြစ်သည်။

ယင်းဘာသာရပ်ဆိုင်ရာ ပညာရပ်များသည် နှစ်ဆယ့်တစ်ရာစု ခေတ်နှင့်လိုက်လျောညီထွေရှိပြီး မဝေးလှသော အနာဂတ်ကာလတွင် ဖြစ်ထွန်း လာတော့မည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအား နိုင်ငံတကာ အလယ်တွင် ဝင့်ထည်စွာ ထာဝရအဓွန့်ရှည်စွာ ဖြစ်တည်ရှင်သန်နိုင်ရေးအတွက် ကာကွယ် စောင့်ရှောက်ရမည့် အမျိုးသားရေးတာဝန်၏ အခြေခံအင်အားများပင် ဖြစ်သည်။

ယင်းအခြေခံအင်အားတို့ဖြင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများအား လက်ငင်း အမျိုးသားရေးတာဝန်အဖြစ် ပြည်သူတို့နှင့်အတူ ပါဝင်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ အနာဂတ်ကာလတွင်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသည် အမျိုးသားရေး အကျိုးစီးပွားကို တည်ဆောက်ရန် ဖြစ်သကဲ့သို့ ကာကွယ်စောင့်ရှောက် ရန် ဖွဲ့စည်းထားသော အမျိုးသားရေး အင်အားစုလည်းဖြစ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းသည် တက်ကြွရဲရင့်ပြီး ရိုးသား ဖြောင့်မတ်သည့် နိုင်ငံချစ် စိတ်၊ မျိုးချစ်စိတ်ရှိသူ လူငယ်လူရွယ် မျိုးဆက်သစ်များဖြင့် ဖွဲ့စည်းထား သော အမျိုးသားရေး အဖွဲ့အစည်း ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားဆိုင်ရာ နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် မျက် မှောက်ကာလတွင် ပြည်သူတို့နှင့် အတူ ပါဝင်ဆောင်ရွက်လျက်ရှိ။

ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်သူများ၊ ကာကွယ် စောင့်ရှောက်သူများအဖြစ် **"အမျိုးသားရေးတာဝန် ကျေပွန်ကြပါစို့"** ဟူ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)အား အလေးအနက်ကြိုဆို ဂုဏ်ပြု အပ်ပါသည်။ ။

အမျိုးသားနေ့ အခမ်းအနား မိုးကောင်း၌ကျင်းပ

မိုးကောင်း နိုဝင်ဘာ ၂၆

(၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်း လပြည့်ကျော်၁၀ရက်(နိုဝင်ဘာ ၂၂ရက်) နံနက်၉နာရီက ကချင်ပြည်နယ် မိုးကောင်းမြို့ အထက(၁) မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်က ဖတ်ကြားပြီး (၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာ ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်များစုဆောင်း

လှိုင်လင်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်မည့် မြို့ပြလမ်းဖြစ် သော ပြည်တော်သာလမ်း ကျောက်ချော ခင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းသုံး ကျောက်များ စုဆောင်း ထားရှိမှုကို နိုဝင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်နှင့် တာဝန်ခံအင်ဂျင် နီယာ ဦးစိုးနိုင်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြင်းမူမြို့နယ်စည်ပင် မြို့တွင်းလမ်းများ ကတ္တရာလမ်းခင်း

မြင်းမူ နိုဝင်ဘာ ၂၆

မြင်းမူမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ မြို့တွင်းလမ်းများအားလုံး ကတ္တရာလမ်းဖြစ်ရေး စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အမှတ်(၁၃)လမ်း အား ကတ္တရာခင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရ သည်။ (မြို့နယ်စည်ပင်)

27-11 (10).pmd 1 11/27/2008, 2:33 AM

ပြည်ကျိုးသယ်ပိုး ပြည်ခိုင်ဖြိုး

❖ ပြည်သူ့အကျိုး၊ တိုင်းပြည်ကျိုးကို
သယ်ပိုးဆောင်ရွက်၊ ရည်ရွယ်ချက်ဖြင့်
မျိုးဆက်မပြတ်၊ ကြားမလပ်အောင်
စိတ်ဓာတ်ခိုင်တည်၊ စုစည်းညီသည့်
ပြည်ခိုင်ဖြိုးအသင်း ပေါ်ခဲ့ပြီ။

❖ ရပ်ရေးရွာရေး၊ လုံခြုံရေးနှင့်
ရေးရာဖြာဖြာ၊ ဖွံ့ဖြိုးလာအောင်
ကျေးရွာအရောက်၊ ခရီးပေါက်ထိ
စောင့်ရှောက်ကူညီ၊ စွမ်းဆောင်ရည်ကြောင့်
ပြည်သူ့ရင်မှာ နွေးထွေးပါ၏။

❖ မျိုးချစ်စိတ်ထား၊ စွဲကိုင်ထားကာ
စွမ်းအားညီညီ၊ စုစည်းတည်လျက်
ပြည်နယ်ပြည်မ၊ ငြိမ်းချမ်းကြ၍
မြို့ပြကျေးရွာ၊ စည်ပင်လာအောင်
ပါဝင်ကူညီ၊ စွမ်းဆောင်ရည်ကြောင့်
ပြည်သူ့ရင်မှာ အေးချမ်းပါ၏။

❖ စိတ်ဓာတ်စည်းကမ်း၊ ကြံ့ခိုင်စွမ်းဖြင့်
ပွင့်လန်းထုံကြည်၊ စွမ်းအားညီ၍
ပြည်ရေးအတွက်၊ အဘက်ဘက်က
ထက်သန်ဖြည့်ဆည်း အသင်းကြီးတည့်။

❖ သြော် -
ပြည်ခိုင်ဖြိုးအသင်း၊ ပေါ်ထွန်းခြင်းကား
ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာနှင့်
ရွာသည့်မိုးသွင်၊ ပြည်သူ့ရင်သို့
စိမ့်ဝင်အေးချမ်း၊ ပီတိလွှမ်းသည်
လန်းဆန်းထာဝရ တည်စေသော်….။ ။

ထီယု

အမျိုးသားနေ့အခမ်းအနား မရမ်းကုန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

(၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ၂၂ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းက ဖတ်ကြားပြီး အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟောပြောပွဲ

နိုဝင်ဘာ ၂၆ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် အထက(၁) ပင်လုံခန်းမ၌ ကျင်းပသော မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပွဲတွင် တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဉာဏ်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။

(မြို့နယ်ရဲတပ်ဖွဲ့)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

သတင်းမြင်ကွင်း-သတင်းထောက်ဇော်ဝင်းမြင့်(တောင်ဥက္ကလာ) စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူးသည့် ၂၀၀၈ ခုနှစ် တတိယအကြိမ် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (က) အဆင့် ပြိုင်ပွဲနှင့် ဒသမအကြိမ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၂ နာရီက တောင်ဥက္ကလာပ ပဒေသာအားကစား ပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

၆၇ ကီလို လူသစ်တန်း(ဆီမီး)ပွဲတွင် စလူကာ(ရန်ကုန်)နှင့် သန့်ဇင်မင်း (မွန်ပြည်နယ်)တို့ ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

လူသစ်တန်း

၅၁ ကီလို လူသစ်တန်း(ဆီမီး)ပွဲစဉ်တွင် ဖွဲ့ကျောင်းသား(စစ်ကိုင်း)နှင့် ဇော်ဇော်(ကချင်ပြည်နယ်)ပွဲ၌ ဇော်ဇော်(ကချင်ပြည်နယ်)က ဒုတိယအချီ အလဲထိုးဖြင့် အနိုင်ရရှိသည်။ အောင်စံမိုး(ရန်ကုန်)နှင့် သွေးသစ်သန်းလှိုင် (ကရင်ပြည်နယ်)ပွဲတွင် အောင်စံမိုး(ရန်ကုန်) ဆေးကျသဖြင့် သွေးသစ်သန်းလှိုင် (ကရင်ပြည်နယ်)က အနိုင်ရရှိသည်။

၅၄ကီလို လူသစ်တန်း(ဆီမီး)ပွဲတွင် သားယက္ခ(မကွေး)နှင့် ပြည်ချစ်သား (ရခိုင်ပြည်နယ်)ပွဲ၌ ပထမအချီ အလဲထိုးပြီး ပြည်ချစ်သား(ရခိုင်ပြည်နယ်) အနိုင်ရရှိသည်။ စိုးဇေဒါ (စစ်ကိုင်း)နှင့် အောင်ယက္ခ (ကရင်ပြည်နယ်)ပွဲတွင် အောင်ယက္ခ ဒဏ်ရာရသဖြင့် စိုးဇေဒါ (စစ်ကိုင်း) အနိုင်ရရှိသည်။

၆၃ ဒသမ ၅ ကီလို လူသစ်တန်း(ဆီမီး)ပွဲတွင် ကျော်ဇင်လတ်(တနင်္သာရီ)နှင့် မိုးဒေဝါ(စစ်ကိုင်း)တို့ ဒုတိယအချီတွင် အလဲထိုး၍ မိုးဒေဝါ(စစ်ကိုင်း) အနိုင်ရရှိသည်။ ဝါသနာမောင်(မွန်ပြည်နယ်)နှင့် မောင်သန်လျှင်(ရန်ကုန်)ပွဲတွင် ဝါသနာမောင် (မွန်ပြည်နယ်)က ပထမအချီအလဲထိုးပြီး ဒိုင်ပွဲရပ်၍ အနိုင်ရရှိသည်။

အလဲထိုးအနိုင်ရ

၆၇ ကီလို လူသစ်တန်း (ဆီမီး)ပွဲတွင် ညီလေးကျောင်းသား(စစ်ကိုင်း)နှင့် စိုးမင်းနိုင်(တနင်္သာရီ)တို့ ပထမအချီ အလဲထိုးပြီး စိုးမင်းနိုင်(တနင်္သာရီ) အနိုင်ရရှိသည်။ စလူကာ(ရန်ကုန်)နှင့် သန့်ဇင်မင်း(မွန်ပြည်နယ်)ပွဲတွင် တတိယအချီ အလဲထိုးပြီး သန့်ဇင်မင်း(မွန်ပြည်နယ်) အနိုင်ရရှိသည်။

၄၈ ကီလို (ဂ)အဆင့် (ဆီမီး)ပွဲစဉ်တွင် စောကရင်(ဧရာဝတီ)နှင့် ဖိုးငယ်(တနင်္သာရီ)တို့ ပထမအချီအလဲထိုး၍ စောကရင်(ဧရာဝတီ)အနိုင်ရရှိသည်။ တော်လေးငယ်(ကရင်ပြည်နယ်)နှင့် စောဘီလူး(ရန်ကုန်)ပွဲတွင် ပထမအချီအလဲထိုး၍ တော်လေးငယ် (ကရင်ပြည်နယ်) အနိုင်ရရှိသည်။

ဗိုလ်လုပွဲတက်ရောက်

၅၄ ကီလို (ဂ)အဆင့် (ဆီမီး)ပွဲစဉ်တွင် စိုးကို(မန္တလေး)နှင့် သီရိမောင်မောင်(ကရင်ပြည်နယ်)တို့ ဒုတိယအချီအလဲထိုး၍ သီရိမောင်မောင်(ကရင်ပြည်နယ်) အနိုင်ရရှိသည်။ အာရုံ(ဧရာဝတီ)နှင့် အောင်သူရိန်(ရန်ကုန်)ပွဲတွင် အာရုံ(ဧရာဝတီ) ဆေးကျသဖြင့် အောင်သူရိန်(ရန်ကုန်)အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

အပူပိုင်းမုန်တိုင်း ပင်လယ်ပြင်ဗဟိုပြုပြီး အနောက်မြောက်သို့ ဆက်လက်ရွေ့လျားနေ

ရန်ကုန် နိုဝင်ဘာ ၂၆

နိုဝင်ဘာ ၂၆ရက်က မြန်မာနိုင်ငံ၏ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရလျှင် တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများ၌ အများအားဖြင့်သာယာခဲ့သည်။

ညအပူအချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ဝဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၅ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

နိုဝင်ဘာ ၂၆ရက်က ရွာသွန်းခဲ့သော မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ဝဒသမ ၅၅လက်မဖြစ်သည်။

မိုးထစ်ချုန်းရွာနိုင်

နိုဝင်ဘာ၂၇ရက် (**ယနေ့**) ပြည်နယ်နှင့် တိုင်း၏ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုဝင်ဘာ ၂၇ ရက် (**ယနေ့**) နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ပိုမိုအားကောင်း

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အနီးမှ ဖြတ်ကျော် ဝင်ရောက်လျက်ရှိသော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါအပူပိုင်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံ “ကိုချင်”မြို့၏ အရှေ့ဘက် မိုင် ၂၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်အရပ်သို့ ဆက်လက်ရွေ့လျားကာ နောက်၁၂နာရီအတွင်း အိန္ဒိယနိုင်ငံ တမီနားဒူးလ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထု မငြိမ်မသက်မှုများဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မုန်တိုင်းငယ် ပိုမိုအားကောင်းလာ

နေပြည်တော် နိုဝင်ဘာ ၂၆

ယမန်နေ့က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အနီးမှ ဖြတ်ကျော်လျက်ရှိသော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ အဆိုပါအပူပိုင်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံ ကိုချင်မြို့၏ အရှေ့ဘက် မိုင်၂၆၀ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး အနောက်မြောက်အရပ်သို့ ဆက်လက်ရွေ့လျားကာ နောက်၁၂နာရီအတွင်း အိန္ဒိယနိုင်ငံ တမီနားဒူးလ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မိုး
အစဉ်သတိပြု

ဒီပဲယင်းမြို့၌ ပန်းအလှပင်စိုက်ပျိုး

ဒီပဲယင်း နိုဝင်ဘာ ၂၆

ဒီပဲယင်းမြို့ ဆရာစံကြေးရုပ် ရုပ်တုရင်ပြင်ကို ပန်းအလှပင် စိုက်ပျိုးခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၅ရက်တွင် အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဝင်းဆန်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ယင်လုံဆန်ခါဖြင့် ရောင်းချမှုစစ်ဆေး

ပွင့်ဖြူ နိုဝင်ဘာ ၂၆

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ယင်နှင့်အနံ့အသက်ဆိုးများ ကင်းရှင်းစေရေးအတွက် သားငါးဆိုင်များတွင် ယင်လုံဆန်ခါဖြင့် ရောင်းချမှုရှိမရှိကို အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့် ဝန်ထမ်းများ နိုဝင်ဘာ ၂၄ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၀ရက်မှ ၂၃ရက်အထိ နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစည်းအဝေးတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ လျှပ်စစ်စွမ်းအားဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းမြင့်တို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဖြည့်စွက်မှာကြားသည်။

ဆုချီးမြှင့်

ယင်းနောက် လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိကြသည့် ခရိုင်အုပ်ချုပ်ရေးမှူးရုံးများ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းမှူးရုံးများနှင့် ပြည်နယ်နှင့်တိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးများကို ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၁၄ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော မေတ္တာမြို့ရှိ ငွေမေတ္တာလမ်း ကျောက်ချောခင်းခြင်းနှင့် ကျောက်စီပေါင် သစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးသိန်းထူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးအောင်ကျော်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်မတော်တဆအန္တရာယ်မှကင်းဝေးရေး ခရိုင်မြို့ကြီးများတွင် မီးပွိုင့်တပ်ဆင်

ကျောက်မဲ နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ ညွှန်ကြားချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ခရိုင်မြို့ကြီးများတွင် ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်မှ ကင်းဝေးရန်ရည်ရွယ်၍ မီးပွိုင့်များ တပ်ဆင်လျက်ရှိရာ ကျောက်မဲခရိုင် ကျောက်မဲမြို့ ရွှေဖီဦးလမ်းနှင့် ပင်လုံလမ်းထောင့်တွင် အောက်တိုဘာ၂၂ရက်က မီးပွိုင့်များ တပ်ဆင်ပြီးစီးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါမီးပွိုင့်များအတွက် လိုအပ်သော လျှပ်စစ်ဓာတ်ရရှိရန် နေရောင်ခြည်သုံး ဆိုလာပြားများ တပ်ဆင်အသုံးပြုပြီး တန်ဖိုးငွေကျပ် ၂၅သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

တပ်ဆင်မည်

အလားတူ မီးပွိုင့်များကို ကျောက်မဲမြို့၏ လူစည်ကားရာ လမ်းထောင့်များတွင် ထပ်မံတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(စာပေစာနယ်ဇင်း)**

သံဖြူဇရပ်မြို့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

သံဖြူဇရပ် နိုဝင်ဘာ ၂၆

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၁) မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဆယ်တင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြင့်(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဈေးတာဝန်ခံတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးညှင်းမြို့နယ်၌ မြေယာရှုခင်းပြုပြင်

မိုးညှင်း နိုဝင်ဘာ ၂၆

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ နိုဝင်ဘာ ၇ရက်က မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အထက(၁)ရှေ့ မြေယာရှုခင်းပြုပြင် ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးဘေးထွက်ဆိုးကျိုးဟောပြော

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ၁၈ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်(အနောက်ပိုင်း) မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်က မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများ ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

ထိုင်းဘုရင့်သမီးတော်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၆

ထိုင်းနိုင်ငံ ပတ္တယားကမ်းခြေတွင် နိုဝင်ဘာ၂၀ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သော (၈)ကြိမ်မြောက် ထိုင်းဘုရင့်သမီးတော်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ၌ ပထမဆုဖလားရရှိခဲ့သော အောင်ပွဲရမြန်မာလှေလှော်အဖွဲ့သည် နိုဝင်ဘာ ၂၄ရက် နံနက်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထည့်သွင်းကျင်းပ

ယင်းပြိုင်ပွဲတွင် မီတာ၅၀၀ (၁၀) တက် လှော်ပြိုင်ပွဲ တစ်မျိုးတည်းသာ ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာအသင်းက ပထမ ရွှေတံဆိပ်၊ ထိုင်း(က)အသင်းက ဒုတိယ၊ ထိုင်း(ခ)အသင်းက တတိယနှင့် လာအို(ခ) အသင်းက စတုတ္ထတို့ရရှိကြသည်။

ပထမဦးဆုံးအကြိမ်

ယင်းပြိုင်ပွဲကို အိမ်ရှင် ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား နိုင်ငံလေးနိုင်ငံမှ အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာလှေလှော်အဖွဲ့မှာ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

သူတို့ပါဝင်ကြ

အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးဖေဝင်း (အထွေထွေအတွင်းရေးမှူး၊လှေလှော်အဖွဲ့ချုပ်)၊ နည်းပြအဖြစ် ဦးဝင်းဖေ၊ လက်ထောက်နည်းပြအဖြစ် ဦးသိန်းဝင်း၊ အားကစားသမားများအဖြစ် ခင်မောင်မြင့်၊ ဖုန်းမြင့်တေဇာ၊ သောင်းဝင်း၊ သန်းအောင်၊ ထွန်းထွန်းလင်း၊ ကျော်လင်းထွန်း၊ အောင်လွင်စိုး၊ နိုင်နိုင်ဇော်၊ ကျော်သူအောင်၊ စောစတေဖာစူး၊ ဝင်းထိုက်၊ ရွှေလှဝင်း၊ လှိုင်မျိုးကျော်နှင့် သိန်းစိုးတို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့အား ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

(၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား တီးတိန်မြို့နယ် အထက(၁)ခန်းမ၌ ကျင်းပ

တီးတိန် နိုဝင်ဘာ ၂၆

ချင်းပြည်နယ် တီးတိန်မြို့တွင် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို အထက(၁)အားကစားခန်းမ၌ နိုဝင်ဘာ၂၂ရက်က ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ဖတ်ကြားသည်။ ထို့နောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့မှ ဆုရရှိသော မခုပ်ရှန်းကျိန်၊ မဝုန်ဟိုးနွမ်း၊ မကျိန်ကွတ်ညောင်၊ မောင်ကမ်းဆွင်းတွောင်၊ မခင်လဲငွန်၊ မနိန်စန်းညောင်၊ မဝုန်စန်းကျင်း၊ မလီယိုင်ကိမန်၊ မညောင်ဆွင်းကျိန်နှင့် မလျန်းဒိတ်ညောင်တို့အား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးနေဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးမောင်းလောဟာတို့က ဆုများချီးမြှင့်ကာ ဓာတ်မာန်သီချင်းကို ကျောင်းသား ကျောင်းသူများသီဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

စာဖတ်ရှိန်မြှင့်တင်ရေး ရေစကြိုမြို့နယ်၌ ဆွေးနွေး

ရေစကြို နိုဝင်ဘာ ၂၆

ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၄ရက်မှ ၅ရက်အထိ ဇီးတော၊ မအူအလယ်၊ မအူအောက်ဆိပ်၊ ပရိမ်သာနှင့် ကမ်းဖြူကျေးရွာ အုပ်စုများအတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မှတ်ပုံတင်ရေး လုပ်ငန်းများ ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

❍ *ကျောဖုံးမှ*

လုံးချော

ယခု ပြိုင်ပွဲကြီးကို နိုဝင်ဘာ၂ရက်က ကျင်းပရန် အလုံးစုံ စီစဉ်ပြီးသော်လည်း မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး ကျင်းပမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ကျင်းပရက် နောက်ဆုတ်လိုက်ရခြင်းဖြစ်သည်။ ယခုပွဲတွင်

ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)နှင့် မကျေပွဲနွှဲမည့် လုံးချော (ညောင်တုန်း)။ (မြန်မာ့အလင်း)

အဓိကစိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည့် လုံးချောနှင့် ဝင်းထွန်းတို့သည် ကိုယ်အလေးချိန်(ဝိတ်တန်း)နှင့် အရပ်အမောင်း၌ လုံးချောက သာလွန်နေသည်ကို တွေ့ရသည်။ လုံးချောက အရပ် ၅ပေ ၁၀ လက်မ၊ လက်တံ (ဘယ်ညာလက်သီးထိပ်အကွာအဝေး) ၆၃ လက်မရှိပြီး ကိုယ်အလေးချိန် မစ်ဒယ်ဝိတ်တန်း ၇၅ ကီလိုရှိသည်။ ဝင်းထွန်းက အရပ် ၅ပေ ၆ လက်မ ဝန်းကျင်ရှိပြီး လက်တံ ၅၉ လက်မ၊ ကိုယ်အလေးချိန် လိုက်ဝယ်လ်တာ ၆၃ဒသမ၅ ကီလိုရှိသည်။

သူတို့နှစ်ဦးသည် ယခုပွဲ မတိုင်မီ ဧပြီ၂၅ရက်က မျှော်စင်ကျွန်းမှ စိန်ခေါ်သံအမှတ်(၈)ပွဲ၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး သရေပွဲ ဖြစ်ခဲ့ကြသည်။ သရေပွဲဆိုရာ၌ ဝင်းထွန်း၏ Jab to Jab များက လုံးချော၏ ခန္ဓာကိုယ်ကြီးကို ဒယီးဒယိုင် ဖြစ်သွားစေခဲ့ပြီး ဘေးထွက်ထိုးသော ညာဖြောင့်လက်သီးကလည်း လုံးချောကို မျက်ခုံးကွဲစေခဲ့ရုံမက ဘယ်ဘက်မျက်လုံးပိတ်ကာ နှာခေါင်းသွေးများပါ ကျစေခဲ့သည်။ ဝင်းထွန်းကတော့ စတုတ္ထအချီနှင့် ပဉ္စမအချီများတွင် သက်လုံလျော့လာပြီး ထိုးအိပ်ကန်အိပ် အကြိမ်ရေ များလာခြင်းရှိခဲ့သည်။ လက်သီးချင်းယှဉ်လျှင် ဝင်းထွန်း၏ ဘယ်ထောက်များကို လုံးချော၏ ဘယ်ထောက်က မယှဉ်နိုင်ကြောင်း တွေ့ရပြီး ဝင်းထွန်း၏ ညာဖြောင့်လက်သီးကလည်း လုံးချောကို အလဲထိုးနိုင်လောက်အောင် မစွမ်းကြောင်း တွေ့ရသည်။ လုံးချော၏ ညာလက်သီးကတော့ အပိုင်ထိလျှင် ဝင်းထွန်းထက် ဝိတ်တန်းကြီးသူများပင် မခံနိုင်ကြောင်း ဇူလိုင် ၂၇ရက်က ဝဏ္ဏ(မျိုးဇာနည်) ကို ညာပင့် လက်သီးဖြင့်၊ ဩဂုတ် ၁၀ရက်က ရန်ကြီးအောင် (မြို့တော်စည်ပင်)ကို ညာဖြောင့် လက်သီးဖြင့် အလဲထိုးခဲ့ပြီး နိုဝင်ဘာ ၉ရက်တွင် မွေထိုင်း ထွန်ထောင်းကို ညာပင့်လက်သီးဖြင့် အမှောက်ထိုးခဲ့ခြင်းဖြင့် သိသာနိုင်သည်။ ထွန်ထောင်းဆိုလျှင် ကိုယ်အလေးချိန် ၇၉ ကီလိုရှိသည့် ထုထည်ကြီးသော လက်ဝှေ့သမားဖြစ်သည်။

အပြောင်းအလဲ

သို့ရာတွင် ထိုလက်ဝှေ့သမားများသည် ဝင်းထွန်းကဲ့သို့ ရွှေ့လျားမှုမြန်ဆန်ခြင်း မရှိကြောင်း တွေ့ရသည်။ ဝင်းထွန်းက လက်ရှိရိုးရာလက်ဝှေ့လောကတွင် လက်ဝှေ့အိုင်ကျူ အမြင့်ဆုံး ကစားသမားဟု ပြောနိုင်ပြီး ပြိုင်ဘက်အနေအထားပေါ်မူတည်၍ ထိုးလုံးသတ်ပေါက် အပြောင်းအလဲလုပ်နိုင်စွမ်းရှိသူဖြစ်သည်။ ဇာတ်၊ အငြိမ့်စကားနှင့်ဆိုပါက "တီးလုံးပြောင်းလျှင်ကကြိုးပြင်" ၍ ကနိုင်စွမ်းရှိသည်ဟု ပြောရပါလိမ့်မည်။ သို့ဖြစ်၍ ဝင်းထွန်းကို လုံးချောအနေဖြင့် သူ၏ အဓိကလက်နက်ဖြစ်သော ညာဖြောင့် ညာပင့်များဖြင့် အပိုင်ထိုးရန် အခက်အခဲရှိနေမည်ဖြစ်ပြီး အားဖြင့်ဝင်ကာ အပိုင်ချုပ်၍ ဒူးတိုက်ရန်အတွက်လည်း ဝင်းထွန်း၏ ဘယ်ထောက်လက်သီး တံတိုင်းကို ကျော်ဝင်နိုင်ရန် အပြင်းအထန် လေ့ကျင့်ထားမှ ဖြစ်ပေမည်။ မျှော်စင်ကျွန်းမှ စိန်ခေါ်သံအမှတ်(၈)ပွဲတွင် လုံးချောမျက်နှာတစ်ခြမ်းက သွေးသံရဲရဲနှင့် ဖြစ်ခဲ့ရခြင်းမှာ ဘယ်ထောက်လက်သီးတံတိုင်းကြောင့် လန်ထွက်ကာ လည်တယ်တယ် ဖြစ်နေချိန်၌ ညာဖြောင့်ဖြင့် လှမ်းပစ်ခြင်းကို ခံရသောကြောင့်ပင်ဖြစ်သည်။

ထိုးလုံးသတ်ကွက်

အကယ်၍ ယခုပွဲ၌ လုံးချောက ဝင်းထွန်း၏ ဘယ်ထောက်လက်သီး တံတိုင်းကိုကျော်ဝင်နိုင်ရန် နည်းလမ်းရှာလာနိုင်ခဲ့ပြီး ဝင်းထွန်းသာ ဝပ်ချ၊ ဖြုတ်ချ လုပ်ခွင့်မရပါက ပွဲသိမ်းစောသွားနိုင်သည့်သဘောပင်ရှိနေသည်။ သို့ရာတွင် ဝင်းထွန်းဘက်ကလည်း နည်းဗျူဟာ အပြောင်းအလဲ၊ ထိုးလုံးသတ်ကွက် အသစ်အဆန်းများဖြင့် ပွဲထွက်လာနိုင်ခြေရှိသဖြင့် အဖြေညှိဖို့တော့ ခက်နေသည်။

ပြိုင်ဘက်နှစ်ဦး၏ လက်ရှိရပ်တည်မှု အနေအထားကိုကြည့်လျှင် လုံးချောအနေဖြင့် သိက္ခာကြောင့်ခက်နေပြီး ဝင်းထွန်းကလည်း လိပ်ပြာကြောင့် ရှက်ရမည့် အနေအထားဖြစ်နေခြင်းက ယခုပွဲကို ပေါက်ကွဲအား ပိုမိုပြင်းထန်စေရန် စေ့ဆော်သကဲ့သို့ ရှိနေသည်။ လုံးချောသည် မျှော်စင်ကျွန်းမှစိန်ခေါ်သံအမှတ်(၈)ပွဲတွင် အတုံးလိုက်အတစ်လိုက် ကျဆင်းခဲ့ရသော သိက္ခာကို နောက်ပိုင်း၌ အလဲထိုးပွဲများဖြင့် ပြန်လည်ဆယ်ယူနိုင်ရုံသာမက မွေထိုင်းထွန်ထောင်းကို အလဲထိုးသောပွဲ၌ အားကစားဝန်ကြီးကိုယ်တိုင် ဆင်မြန်းပေးသော ရွှေခါးပတ်ကိုပင် ရယူနိုင်ခဲ့ပြီး သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့သည်။ ဝင်းထွန်းကတော့ ထိုပွဲတွင် မွေထိုင်း လာချီလိတ်ကို အနိမ့်သရေဆန်ဆန်ဖြစ်ခဲ့ရပြီး ရွှေခါးပတ်နှင့်လွဲကာ ငွေဖလားမျှနှင့်

ဒေါင်းညိုလေး (ဒေါင်းမြန်မာ)နှင့် ယှဉ်ပြိုင်မည့် စောဂပရေမူး (တွံတေး)။ (မြန်မာ့အလင်း)

ကျေနပ်ခဲ့ရသည်။ ထို့မတိုင်မီကလည်း ဝိတ်တန်းချင်းတူသော တွေ့မရှောင်ကို လေးကြိမ်ယှဉ်ပြိုင် သုံးကြိမ်အရှုံးပေးခဲ့ရပြီး သရေတစ်ပွဲသာ ရှိခဲ့သည်။

ထိုအခြေအနေ နှစ်ရပ်ပေါင်းစပ်လိုက်သောအခါ ယမ်းပုံထဲသို့ မီးကျသည့် အနေအထားကို ရှေးရှုမည့်အသွင်ဆောင်နေကြောင်း တွေ့ရပေလိမ့်မည်။ အကယ်၍ လုံးချောအနေဖြင့် ယခုပွဲတွင် ဝင်းထွန်းကို လက်ရည်တူသရေကျလျှင်ပင် သူ့အဆင့်က လာချီလိတ်နှင့် တွေ့မရှောင်တို့လောက်မရှိဘဲ **"ခါးပတ်ကလေးကိုမှအားမနာ"** ဆိုသကဲ့သို့ ဖြစ်သွားနိုင်ပေသည်။ အနိမ့်သရေ သို့မဟုတ် ရှုံးများရှုံးခဲ့ပါက ပြောပြစရာစကားလုံးပင် ရှာတွေ့မည်မဟုတ်။ ဝင်းထွန်းကလည်း တစ်ဦးတည်းသော သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံအဖြစ် မြန်မာ-ထိုင်း စိန်ခေါ်ပွဲတွင် ပါဝင်ခွင့်ရခဲ့သော်လည်း ပရိသတ်၏ လက်ခုပ်သံကို သဲ့မယူနိုင်ခဲ့သည့်အပြင် မိမိအတွက် လက်ခုပ်သံများကိုပင် လာချီလိတ်အား ခွဲဝေပေးလိုက်ရသကဲ့သို့ ရှိသည်။ သို့ဖြစ်၍ မွေထိုင်းနှင့်ပွဲတွင် ဆုံးရှုံးသွားသော လက်ခုပ်သံများကို ယခုပွဲ၌ အမိအရပြန်ယူနိုင်ဖို့ အရေးကြီးနေသည်။ သို့မဟုတ်ဘဲ လာချီလိတ်နှင့်ပွဲ၌ ကျန်နေခဲ့သေးသော လက်ခုပ်သံများကို ယခုပွဲ၌ လုံးချောသာ ယူဆောင်ခွင့်ရသွားပါက လက်ခုပ်သံ လက်ကျန်မရှိသည့် လက်ဝှေ့သမား ဖြစ်သွားပေလိမ့်မည်။

လုံးချော (ညောင်တုန်း)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)။ (မြန်မာ့အလင်း)

သိက္ခာကိုရင်းရမည့်ပွဲ

သူတို့ပွဲကဲ့သို့ သိက္ခာကိုရင်းရမည့်ပွဲတစ်ပွဲလည်းပါဝင်နေသေးသည်။ လက်ဝှေ့ လောကထဲသို့ အူဝဲမှစ၍ ဝင်ရောက်လာခဲ့ပြီး တန်းတစ်တန်းတွင် တစ်ထီးတစ်နန်းရပ်တည်နေသော ဒေါင်းညိုလေး (ဒေါင်းမြန်မာ)ကို သုံးချီပွဲ၊ လေးချီပွဲများဖြင့် အားမွေးရင်း ငါးချီပွဲ ၁၀ ပွဲပြည့် မထိုးရသေးသူ စောဂပရေမူး (တွံတေး)က စိန်ခေါ်လာသောပွဲဖြစ်သည်။ ဝိတ်တန်းနှင့် အရပ်အမောင်းတွင်တော့ စောဂပရေမူးက အပုံကြီးသာနေသည်။ ပညာစခန်းနှင့် တွက်လျှင် မိုင်နှင့်ချီ၍ ဝေးနေသေးသည်ဟု ဆိုရမည်။ ယခုပွဲတွင် စောဂပရေမူးက အလုံးအရပ်အားကိုးဖြင့် တန်းညှိလာခြင်းဖြစ်သကဲ့သို့ ကြေးညှိရန် ကြိုးစားခြင်းလည်း ဖြစ်သည်။ စောဂပရေမူး၏ ပထမခြေလှမ်းကို ဒေါင်းညိုလေး မရပ်တန့်နိုင်ပါက စောဂပရေမူး အမြင့်တက်နိုင်ရန် အနင်းခံသော လှေကားထစ်သဖွယ် ဖြစ်သွားပါလိမ့်မည်။ စောဂပရေမူးက မရရအောင် နင်းမည်လား၊ ဒေါင်းညိုလေးကပင် လွှင့်စဉ်သွားအောင် တွန်းချလိုက်မည်လား စိတ်ဝင်စားဖို့ကောင်းသည့်ပွဲဖြစ်သည်။

သူတင်ကိုယ်တင်

ထို့အတူ မန္တလေးတွင် သူတင်ကိုယ်တင် သရေပွဲ ယှဉ်ခဲ့ဖူးသော မြနန်းတော်(မြန်မာပြည်သား)နှင့် ထွန်းထွန်း (မြဝတီ) တို့ပွဲ၊ ဝါးရင်းတုတ်ဖိုးကေ(မန္တလေး) ကို မထေမဲ့မြင် စိန်ခေါ်လာသည့် စောအာကာ (KLN)တို့ပွဲ၊ လက်ရည်စစ်စိန်ခေါ်ပွဲတွင် အလူးအလဲ၊ အဖူးအကွဲ ထိုးသတ်သော်လည်း သရေသာဖြစ်ခဲ့ခြင်းအတွက်ထပ်မံအဖြေရှာဦးမည့်ဒေါနအောင်(အဖြူရောင်သွေးသစ်) နှင့် ကျန်စစ်အောင် (အလင်းရောင်)တို့ ပွဲများကလည်း ရိုးရာလက်ဝှေ့ပွဲဆိုလျှင် ကြမ်းမှကြိုက်သည်ဆိုသော ပရိသတ်များအတွက် ခါးတောင်းကျိုက်ကာ လက်ခုပ်တီးရမည့်ပွဲများ ဖြစ်လာနိုင်သည်။

ယခုပွဲသည် အခြားကျင်းပခဲ့သော ပွဲများကဲ့သို့ သုံးချီ၊ လေးချီပွဲများဖြင့် ပဏာမဆွဲခံနေမည်မဟုတ်ဘဲ မိုးသီး (မြန်မာပြည်သား) နှင့် မိုးမခ(မန္တလေး)တို့၏ ငါးချီ စိန်ခေါ်ပွဲဖြင့် တန်း၍ ပွဲထွက်လာမည်ဟုဆိုသည်။ ငါးချီပွဲ ၁၀ ပွဲဆိုသည့်အတွက် ပရိသတ်များ အိမ်ပြန်နောက်ကျနိုင်သော်လည်း ပွဲသိမ်းစောသော အလဲထိုးပွဲ အရေအတွက်ပေါ်မူတည်သဖြင့် ဝါရင့်ပရိသတ်များကတော့ ပွဲစဉ်ဇယားကိုကြည့်ကာ အိမ်ပြန်ချိန်ကို ချင့်ချိန်မှန်းဆ၍ အိမ်ရှင်မကို ခွင့်ပန်နိုင်လိမ့်မည်ထင်သည်။

ကူညီပံ့ပိုး

ယခုပွဲကြီးကို အဓိကကူညီပံ့ပိုးမှုပေးသော ကယ်လ်ဆီယမ်ကွေကာ(MDG Co.,Ltd.)သည် သိုင်းအဖွဲ့ချုပ် ရန်ပုံငွေပွဲတိုင်းကို မလွတ်တန်း Sponsor ပေးခဲ့ကြောင်း တွေ့ရသည်။ လုံးချောအနေဖြင့် ရန်ကုန်မြို့တွင် ပထမတန်း လက်ဝှေ့ကျော်ဝမ်ချိုင်းကို ပထမဆုံးအကြိမ် စိန်ခေါ်ထိုးသတ်ခဲ့သည့် MCC၌ ကျင်းပသော သိုင်းအဖွဲ့ချုပ်ရန်ပုံငွေပွဲကို ကယ်လ်ဆီယမ်ကွေကာကပင် Sponsor ပေးခဲ့သည်။ ထိုပွဲမှစ၍ လုံးချောသည် ယနေ့အထိ ပွဲပေါင်း ၃၀ ကျော် ထိုးသတ်ခဲ့ရာ ရှုံးပွဲမရှိခဲ့ဘဲ ထိုပွဲများ၌ ပွဲပေါင်း ၁၅ပွဲကျော်မှာ ကယ်လ်ဆီယမ်ကွေကာ၏ Sponsor ဖြင့် ကျင်းပခဲ့သော ပွဲများဖြစ်၍ လုံးချောနှင့် ကယ်လ်ဆီယမ်ကွေကာတို့ ကံစပ်သည်ဟု ပြောရမည်ကဲ့သို့ ရှိနေသည်။ ။

(မြန်မာ့အလင်း)

စောဂပရေမူး (တွံတေး)နှင့် ယှဉ်ပြိုင်မည့် ဒေါင်းညိုလေး (ဒေါင်းမြန်မာ)၏ ဟန်ပန်။ (မြန်မာ့အလင်း)

နိုဝင်ဘာ ၃၀ ရက် ၅ ချီ တွဲဆိုင်းများ

၁။ မိုးသီး (မြန်မာပြည်သား)	နှင့်	မိုးမခ (မန္တလေး)
၂။ နိုင်ပန်းစိန် (အဖြူရောင်သွေးသစ်)	နှင့်	မိုက်တိုင်စန် (အလင်းရောင်)
၃။ ထစ်ချွန်း (မိုးသောက်ကြယ်)	နှင့်	ခိုင်စကြာ (သထုံ)
၄။ စောသဲမင်း (KLN)	နှင့်	စောနေအောင် (အဖြူရောင်သွေးသစ်)
၅။ ဒေါနအောင် (အဖြူရောင်သွေးသစ်)	နှင့်	ကျန်စစ်အောင် (မြို့တော်စည်ပင်)
၆။ သားသား (KLN)	နှင့်	မင်းရန်နိုင် (သထုံ)
၇။ စောအာကာ (KLN)	နှင့်	ဖိုးကေ (မန္တလေး)
၈။ မြနန်းတော် (မြန်မာပြည်သား)	နှင့်	ထွန်းထွန်း (မြဝတီ)
၉။ ဒေါင်းညိုလေး (ဒေါင်းမြန်မာ)	နှင့်	စောဂပရေမူး (တွံတေး)
၁၀။ လုံးချော (ညောင်တုန်း)	နှင့်	ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်တန်းအလိုက် ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်တန်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ဒီဇင်ဘာ၅ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

စာရင်းသွင်းနိုင်

အဆိုပါပြိုင်ပွဲတွင် အတန်း ငါးတန်းထည့်သွင်းကျင်းပမည်ဖြစ်ပြီး အလွတ်တန်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၂၀ အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၄၀ အထက် အမျိုးသားပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိလည်းကောင်း၊ အသက် ၁၆ နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၃ နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။ အသက် ၁၃ နှစ်အောက်နှင့် ၁၆ နှစ်အောက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအနေဖြင့် အသက်စိစစ်နိုင်ရန် မွေးစာရင်းမူရင်း၊ ကျောင်းအုပ်ကြီး (သို့) မြို့နယ်ပညာရေးမှူး ထောက်ခံချက်ပါရှိရမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် တစ်သင်းလျှင် ကျပ်ငါးထောင်နှင့်အတူ ဒီဇင်ဘာ၁ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ အလွတ်တန်းနှင့် အသက်(၂၀)အောက် ပြိုင်ပွဲများအတွက် အသင်းဝင်ကြေးအဖြစ် ကျပ်တစ်သောင်း သတ်မှတ်ထားပြီး ယင်းအတန်းနှစ်တန်း အပါအဝင် အသက်၄၀အထက် ပြိုင်ပွဲဝင်မည့် အသင်းများအနေဖြင့် ဒီဇင်ဘာ ၁ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသင်းများအား အသက်ကန့်သတ်ချက်အဖြစ်(၁၆)နှစ်အောက်ပြိုင်ပွဲအတွက် ၁၉၉၂ခုနှစ်မွေးဖွားသူ၊ (၁၃)နှစ်အောက်ပြိုင်ပွဲအတွက်၊ ၁၉၉၅ခုနှစ် မွေးဖွားသူ၊ (၂၀)အောက်ပြိုင်ပွဲအတွက်၊ ၁၉၈၈ခုနှစ် မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး အလွတ်တန်း (၂၀)အောက်နှင့် (၄၀) အထက် ပြိုင်ပွဲများအတွက် အုပ်ချုပ်သူ အစည်းအဝေး၊ ပွဲစဉ်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို ဒီဇင်ဘာ၄ရက်နှင့်အသက်(၁၃)နှစ်အောက်နှင့် (၁၆)နှစ်အောက် ပြိုင်ပွဲအတွက် ပွဲစဉ်ရေးဆွဲခြင်း၊အသက်စိစစ်ခြင်းနှင့် အုပ်ချုပ်သူ အစည်းအဝေးကို ဒီဇင်ဘာ၁၀ရက်တွင် ကျင်းပမည်ဖြစ်သည်။ နယ်မှလာရောက်ယှဉ်ပြိုင်သောအသင်းများအား ထောက်ပံ့ကြေး ကျပ်တစ်သိန်းနှင့် တည်းခိုနေထိုင်ခြင်းနှင့် စားသောက်စရိတ်များကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က စီစဉ်ပေးသွားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါကဖုန်း- ၅၄၁၄၂၁ နှင့် ၀၉-၅၁-၅၉၅၉၄ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း မြန်မာနိုင်ငံ ငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းနှင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းများ

နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းနှင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းများ၏ နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ၃၀ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအသင်းသုံးသင်းမှ အသင်းဝင်များအနေဖြင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

27-11 (13).pmd 1 11/27/2008, 2:34 AM

သင်းသင်းချမ်းမြွေတူး (ခ) ငယ်ငယ် အထက(၄)ဗိုလ်တထောင်

နိုဝင်ဘာလ (၂၇)ရက်တွင် ကျရောက်သော (၁၆)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၀၀)တိုင် ကျန်းမာပျော်ရွှင်သော ထူးချွန်ထက်မြက်သော တတ်သိလိမ္မာပြီး အများအကျိုး သယ်ပိုးနိုင်သော သမီးကောင်းရတနာလေး ဖြစ်လာစေရန် ချစ်သောမိသားစုက ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ
မချစ်၊ ကိုကိုအောင်၊ မပြည့်၊ ငြိမ်းငြိမ်း။

မွေးနေ့ဆုတောင်း

၂၇-၁၁-၂၀၀၈ရက် (ကြာသပတေးနေ့)တွင် ကျရောက်သော ချစ်သူငယ်ချင်း **သဲစုခိုင်** ၏ (၂၁)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်စွာဘဝကို ဖြတ်သန်းနိုင်ပါစေ။

ချစ်သူငယ်ချင်း
ချစ်သဲစွန်၊ သဇင်ကျော်။

‌ေစ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၂၇၅၊
ပြွန်လမ်း၊ (၈)မြောက်ရပ်ကွက်နေ
ဦးဇော်ဝင်း-ဒေါ်ခင်မမ
တို့၏တစ်ဦးတည်းသောသား

ဒေါက်တာထင်ဇော်ဘိုဘို BDS (YGN)

နှင့်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၆၊
ဥက္ကာ ၃ လမ်း၊ (ဂ)ရပ်ကွက်နေ
ဦးတင်မောင်ဝင်း-ဒေါ်အေးအေးကျင်တို့၏ သမီး

မဇင်မာမောင် B.A (English), AGTI, (Civil)

တို့သည် နှစ်ဖက်သော မိဘများနှင့် ဆွေမျိုးများ၏ ရှေ့မှောက်၌ ၂၆-၁၁-၂၀၀၈ရက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာထင်ဇော်ဘိုဘို-မဇင်မာမောင်။



ကျေးဇူးဆပ်ပါမည်

အဖ ဦးလှမြင့်၏သား မင်းဇော်သိန်း ၇/လပတ(နိုင်)၀၀၅၅၇၅၏မြန်မာနိုင်ငံကူးလက်မှတ် အမှတ်-၅၀၇၂၂၅သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁-၁၃၅၀၇။**

ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈/၂၉၃၉ ၏ အခွန်ပုံစံ(၁) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ **ဖုန်း-၀၉-၅၁-၃၁၈၂၄။**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ရန်ကုန်မြို့ မီးသင့်ဖယောင်းပျက် ရောင်းချရန်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် မီးသင့်ဖယောင်းပျက် ပိဿာ ၃၀၀၀ ခန့်အား တင်ဒါစနစ်ဖြင့်ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၃၀၀၀နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာန၌ဝယ်ယူ၍ ၃-၁၂-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ အာမခံငွေအား ၂-၁၂-၂၀၀၈ရက် (အင်္ဂါနေ့) ညနေ ၃ နာရီ နောက်ဆုံးထား၍ ပေးသွင်းရပါမည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။ **ဂေါပကအဖွဲ့။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ ငိုင်ဒိမ့်ဩော် ၄/တတန(နိုင်)၀၂၃၈၇၅၏ နိုင်ငံကူးလက်မှတ် အမှတ်-၈၃၀၈၇၇သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၆၄၂၉၂၅။**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အေးသာယာရပ်၊ ကမ်းနားလမ်း၊ အမှတ် ၅၄နေ ဦးသန်းဆင့်-ဒေါ်မြင့်မြင့်သန်းတို့၏သမီး မဂျူးဂျူးဆင့်အောင် ၅/မရန(နိုင်)၁၄၃၂၇၀သည် မိဘတို့၏ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးအပေါ် ကိုယ်စိတ်ဆင်းရဲစေသော အပြုအမူများ လုပ်ဆောင်နေပါသောကြောင့် ၎င်းအား ၂၆-၁၁-၂၀၀၈ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်း၏ဆောင်ရွက်မှုမှန်သမျှသည် ဦးသန်းဆင့်-ဒေါ်မြင့်မြင့်သန်း မိသားစုနှင့် သက်ဆိုင်ပတ်သက်မှု (လုံး၀)မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသန်းဆင့် (MYA-၁၄၃၁၀၈)
ဒေါ်မြင့်မြင့်သန်း (MYA-၁၄၃၀၀၃)။





မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ရန်ပုံငွေအဖြစ်

အကယ်ဒမီရှော့ ရုပ်ရှင်ဇာတ်ကားသစ် ပြသမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း(ဗဟို) ရန်ပုံငွေရုပ်ရှင်အဖြစ် မြန်မာရုပ်ရှင်ဇာတ်ကားသစ် သုံးကားနှင့် ဂျိန်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားသစ်တို့ကို အလှည့်ကျပြသသွားရန်စီစဉ်ထားရာ ပွဲဦးထွက်အဖြစ် ရုံမတင်မီကပင် နာမည်ကြီး လူကြိုက်များနေသော ဒါရိုက်တာညီညီထွန်းလွင် လက်စွမ်းပြရိုက်ကူးသည့် **“အကယ်ဒမီရှော့”** ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတရုပ်ရှင်ရုံတွင် အထူးပွဲပြသမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် ကြိုတင်လက်မှတ်များကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း(ဗဟို) ဖုန်း-၀၁-၃၈၅၂၇၃ သို့လည်းကောင်း၊ သမ္မတရုပ်ရှင်ရုံ ဖုန်း-၀၁-၂၄၆၉၆၂၊ ၂၄၉၅၆၃၊ ၂၅၂၁၁၈တို့သို့လည်းကောင်း စိတ်တိုင်းကျ ဝယ်ယူအားပေးနိုင်ကြောင်း၊ **“အကယ်ဒမီရှော့”** ဇာတ်ကားတွင် အကယ်ဒမီ ရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်၊ ချောရတနာ၊ ဆွေ့သည် သရုပ်ဆောင် မယ်လိုဒီ၊ ဇေလု၀၊ ပွင့်၊ မေတ္တာ၊ ဦးထွန်းထွန်းနိုင်၊ ဇော်ဇော်အောင်၊ ညီရှော်၊ ငှက်ပျောကြော်၊ ညောင်ညောင်တို့ ပါဝင်သရုပ်ဆောင်ထား ကြောင်းသိရှိရပြီး ရန်ပုံငွေပြသရန် ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ရေးက ဦးမြအေးနှင့် သမ္မတရုပ်ရှင်ရုံပိုင်ရှင် မင်္ဂလာဦးဇော်မင်းတို့က ကူညီပံ့ပိုးထားခြင်းဖြစ်သည်။

စီစဉ်ညှိနှိုင်း

ဆက်လက်၍ မင်္ဂလာဦးဇော်မင်း လှူဒါန်းသည့် ဂျိန်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားသစ် Quantum of Solace ကိုလည်းကောင်း၊ လင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာအိအိခိုင် လှူဒါန်းသည့် **“ငယ်သူမို့မသိပါ”** ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း၊ ဖြိုးနှင့်မင်းရုပ်ရှင်မှ ဒါရိုက်တာအဏ်ထော်ဏီ(မော်လမြိုင်)လှူဒါန်းသည့် **“ဒီဝါကျွတ်အမီ ခယ်မအမြန်အစွံထုတ်ရန်ရှိသည်”** ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း ရန်ပုံငွေအထူးပွဲအဖြစ် ဆက်လက်ပြသသွားနိုင်ရန် စီစဉ်ညှိနှိုင်းထားကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်
တန်ဆောင်မုန်းလကွယ် (ဥပုသ်နေ့)
၂၇-၁၁-၂၀၀၈ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၁၀ ၆။ အကပဒေသာ
၈း၂၀ ၇။ နာဝင်ပီယံသူ့လက်သံ
၈း၃၀ ၈။ International News
၈း၄၅ ၉။ **“စီးဆင်းပါစေ မေတ္တာရည်”** မေကဗျာ၊ ဖူးဖူး (ဒါရိုက်တာခင်ဇော်၊ ကုမုဒြာ)

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ ၄။ **“အဆုံးအဖြတ်”** ခန့်စည်သူ၊ ငှက်ပျောကြော်၊ အေးမြတ်သူ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄း၄၅ ၅။ အကပြိုင်ပွဲ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၅ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၅း၂၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြတ်ရေးတေးများ
၅း၃၀ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ကုန်သွယ်မှန်တိုင်း”** (အပိုင်း-၂၉)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **“ရောဝတီရဲ့မနက်ဖြန်” အပိုင်း(၂)** **နေအောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ဝေဠုကျော်၊ နေတိုး၊ ပြေတီဦး၊ဟိန်းစိုး၊နန္ဒ၊အောင်ခိုင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ မိုးပြည့်ပြည့်မောင်၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ပင်လယ်ပျော်မင်းသား”** (အပိုင်း-၄၉)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

စိန့်ဖလိုမီနာ အထက(၂)စမ်းချောင်း ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၆

အထက(၂)စမ်းချောင်း(စိန့်ဖလိုမီနာ) ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အငြိမ်းစားဆရာမကြီးများအား ပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၂)စမ်းချောင်း စံပယ်ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်ထားသည်။

တေးဂီတအစီအစဉ်များ ပျော်ပွဲရွှင်ပွဲများနှင့်အတူ နိဗ္ဗာန်ဈေးပွဲတော်များကိုပါ ကျောင်းဝင်းအတွင်း ကျင်းပကြမည်ဖြစ်ရာ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။ အလှူငွေများနှင့် ၎င်းနေ့ညတွင် ကျင်းပမည့် မိတ်ဆုံညစာစားပွဲလက်မှတ်များကို ဝယ်ယူနိုင်ရန် ကျောင်းသူဟောင်းများဖြစ်ကြသည့် ခင်မလေး ဖုန်း-၆၄၂၈၃၅၊ ၀၉-၅၀-၁၄၇၅၈၊ ချိုချို ဖုန်း-၅၀၀၇၀၀၊ ၀၉-၅၁-၇၆၈၈၈၊ ခင်သီတာအေး ဖုန်း-၅၀၂၂၂၁၊ ၀၉-၅၀-၃၄၃၀၁၊ မြင့်မြင့်သီ ဖုန်း-၅၀၀၄၁၀၊ ၀၉-၅၁-၇၅၃၈၉၊ မြသက်မော်(သီတာဝင်း) ဖုန်း-၅၆၁၂၅၅၊ ချိုချိုခိုင် ဖုန်း-၅၀၃၄၄၈၊ ၀၉-၅၁-၄၈၆၁၇၊ ကာကူး ဖုန်း-၆၈၇၃၄၀၊ ၀၉-၅၁-၄၈၉၄၆၊ ဖြူဖြူတင်၊ ညိုညိုတင်၊ ချိုချိုတင် ဖုန်း-၅၃၀၀၆၅၊ ၀၉-၅၁-၆၁၂၈၄၊ ကြီးကာ ဖုန်း-၀၉-၅၁-၅၈၂၄၃၊ စိမ့်စိမ့် ဖုန်း-၀၉-၅၀-၀၄၃၉၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အာဆင်နယ်အသင်းခေါင်းဆောင် အပြောင်းအလဲဂယက်

မောင်မောင်မြင့်ဆွေရေးသား၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် နိုဝင်ဘာ ၂၆

ကစားဖော်အချင်းချင်း စည်းရုံးရေးတွေပြိုကွဲပြီး အသင်းရလဒ်တွေကိုပါ ထိခိုက်လာတဲ့အချိန်မှာ နိုဝင်ဘာ၂၂ရက်က မန်စီးတီးကွင်းမှာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရတဲ့ပွဲအပြီး အာစင်ဝင်းဂါး စိတ်ပျက်ဒေါသထွက်ခဲ့ရပါတယ်။

အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်(ဝဲ)နှင့် ဂါးလက်စ်။

အသင်းခေါင်းဆောင်ဂါးလက်စ်နေရာကို အစားထိုးမယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက်မှာ ဖာဘရီဂတ်စ်ကို အသင်းခေါင်းဆောင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်ပြီဖြစ်ပါတယ်။

ထုတ်ဖော်ပြောကြား

အသက်၂၁နှစ်သာရှိသေးတဲ့ စပိန်ဘောလုံးသမားဖာဘရီဂတ်စ်ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးလိုက်တာနဲ့ ပတ်သက်ပြီး မိမိအနေနဲ့ ရှင်းပြစရာမရှိဘူးဆိုတဲ့အကြောင်းနဲ့ ဘောလုံးအသင်းရဲ့ အောင်မြင်မှုအပေါ် အလေးအနက်ထားလုပ်ဆောင်မှုတစ်ရပ်သာ ဖြစ်တယ်လို့ နည်းပြအာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ထောက်ပြ

ဒါပေမယ့် အသက်၃၁နှစ်ရှိနေပြီဖြစ်တဲ့ အသင်းခေါင်းဆောင်ဟောင်း ဂါးလက်စ်ဟာ သူ့ရဲ့စွမ်းဆောင်မှုနဲ့ အသင်းအပေါ်ထားရှိတဲ့စိတ်ဓာတ်အပြင် ဘောလုံးပွဲတိုင်းမှာ အားကြိုးမာန်တက် ကစားခဲ့တဲ့ကစားသမားကောင်းတစ်ဦး ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကိုတော့ အာစင်ဝင်းဂါးက ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အသင်းအောင်မြင်မှုရဖို့ ဆိုတဲ့နေရာမှာ အသင်းခေါင်းဆောင်တစ်ဦး ရဲ့အခန်းကဏ္ဍလည်း ပါဝင်တယ်လို့ အာစင်ဝင်းဂါးက ထောက်ပြလိုက်ပါတယ်။

အာဆင်နယ်အသင်းခေါင်းဆောင်ဖြစ်လာတဲ့ဖာဘရီဂတ်စ်ကတော့ “အာဆင်နယ်လို ကမ္ဘာ့အဆင့်မီကလပ်အသင်းမှာ မိမိအသက်အရွယ်နဲ့ အသင်းခေါင်းဆောင်လုပ်ရတာဟာ အာစင်ဝင်းဂါးရဲ့ ကြီးမားတဲ့ ချီးမြှောက်မှုတစ်ရပ်ပါပဲ”လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ မိမိအနေနဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေရှိနေပေမယ့် ကစားဖော်တွေနဲ့အတူ ကြိုးစားသွားမယ်လို့ ဆိုနေပါတယ်။

သံသယဝင်

အာစင်ဝင်းဂါးရဲ့အသင်းခေါင်းဆောင် အပြောင်းအလဲပြုလုပ်မှုဟာ ကစားသမားတွေအချင်းချင်း စိတ်ဝမ်းကွဲပြားမှုတွေကို ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ မထင်ကြောင်း အာဆင်နယ်အသင်း အုပ်ချုပ်သူတွေက သံသယဝင်နေပါတယ်။

ထွက်ပေါ်လာ

အသက်အရွယ်ငယ်လွန်းသူတစ်ဦးကို အသင်းခေါင်းဆောင်တာဝန် ပေးမှုဟာ အသင်းအတွက် မျှော်လင့်ထားသလို အောင်မြင်မှုနဲ့ ကစားသမားတွေစည်းရုံးမှု ပိုမိုကောင်းမွန်လိမ့်မယ်လို့ မထင်ဘူးလို့ ဝေဖန်မှုတွေ ထွက်ပေါ်လာပါတယ်။

ပြောင်းရွှေ့

ဖာဘရီဂတ်စ်ကို အသင်းခေါင်းဆောင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်တဲ့အတွက် ဂါးလက်စ်ကတော့ “နည်းပြအနေနဲ့ အသင်းရဲ့အကျိုးကိုရှေးရှုပြီး ဆောင်ရွက်တဲ့လုပ်ရပ်ပါ”လို့ ပြောနေပေမယ့် ထိခိုက်ကြေကွဲခဲ့ရတယ်လို့ဆိုပါတယ်။ ဂါးလက်စ်ရဲ့အေးဂျင့်ကတော့ ဂါးလက်စ်ဟာ အသင်းပြောင်းရွှေ့ဖို့ အမြန်ဆုံးကြိုးစားနေပြီလို့ ပြောကြားနေပါတယ်။

ဒီနေရာမှာ ပြဿနာတစ်ရပ်ဖြစ်လာတာက ဗန်ပါစီတို့အုပ်စုပါပဲ။ ဗန်ပါစီတို့အုပ်စုဟာ ဖာဘရီဂတ်စ်ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးတာကိုလည်း မနှစ်မြို့ကြဘူးလို့ ဆိုနေပြန်ပါတယ်။

ဝေဖန်

ဖာဘရီဂတ်စ်ဟာ ကစားဖော်တွေနဲ့ တစ်သားတည်းရှိပြီး ဆက်ဆံရေးကောင်းတယ်ဆိုပေမယ့် အသင်းခေါင်းဆောင်တစ်ဦးအဖြစ်တော့ အချိန်စောလွန်းနေတယ်လို့ ဗန်ပါစီတို့က အာစင်ဝင်းဂါးနောက်ကွယ်မှာ ဝေဖန်အပြစ်တင်နေကြတယ်လို့ ဆိုပါတယ်။

ဖာဘရီဂတ်စ်ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးပြီး အာဆင်နယ်အသင်းရဲ့ ကြုံတွေ့နေရတဲ့ အခက်အခဲကို ဖြေရှင်းခဲ့ပေမယ့် ကစားဖော်တွေထဲမှာ အမြင်မကြည်လင်မှုတွေ ရှိနေဆဲဖြစ်တယ်လို့ ဝေဖန်သုံးသပ်နေကြပါတယ်။

စောင့်ကြည့်

အာဆင်နယ်အသင်းအုပ်ချုပ်သူတွေကတော့ နည်းပြအာစင်ဝင်းဂါးရဲ့ ဆောင်ရွက်မှုတွေကို ဝင်မစွက်ဘဲ လေ့လာစောင့်ကြည့်နေကြပါတယ်။ အကယ်၍များ ဖာဘရီဂတ်စ်ရဲ့ ခေါင်းဆောင်မှုလည်း မပီပြင်ခဲ့ရင်တော့ အာစင်ဝင်းဂါး အလှည့်ဖြစ်သွားနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

ချယ်လ်ဆီးနောက်ခံလူ အက်ရှ်လေကိုးလ်အား ဈေးကွက်အဖွင့်တွင် မန်စီးတီးအသင်း ခေါ်ယူမည်ဟုဆို

လန်ဒန် နိုဝင်ဘာ ၂၆

မန်စီးတီးအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်တွင် ချယ်လ်ဆီးကစားသမား အက်ရှ်လေကိုးလ်အား အံ့အားသင့်ဖွယ်ပြောင်းရွှေ့ကြေးဖြစ်သည့် ပေါင်သန်း၂၀ဖြင့် ကမ်းလှမ်းမှုပြုလုပ်မည်ဖြစ်သည်။

မန်စီးတီးက စိတ်ဝင်စားနေသည့် အက်ရှ်လေကိုးလ်။

မန်စီးတီးအသင်းပိုင်ရှင် အာရပ်ဘီလျံနာများသည် ကိုးလ်၏ချယ်လ်ဆီးအသင်းနှင့် လက်ရှိစာချုပ်သက်တမ်း ကျန်ရှိနေမှုအခြေအနေကို ပြေလည်အောင်ဖြေရှင်းရန် ကြိုးစားနေပြီး ပို့စ်မောက်အသင်း ကွင်းလယ်မှ ဘောလုံးကြယ်ပွင့် ဒီယာရာကိုလည်း လက်မှတ်ထိုး ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

ပိုမိုခက်ခဲ

ပေါင်၁၈သန်းတန် ဒီယာရာအားလည်း အပြီးသတ်ခေါ်ယူရန် နီးစပ်နေပြီဖြစ်သော်လည်း ချယ်လ်ဆီးမှ ကိုးလ်အား ခေါ်ယူစာချုပ်ရေး ပိုမိုခက်ခဲဖွယ်ရှိသည်။

မန်စီးတီးအသင်းသည် ကိုးလ်၏ပြောင်းရွှေ့ကြေးကို ပေါင်သန်း၂၀ပေးရန် ဆန္ဒရှိနေပြီး ကိုးလ်အားလည်း တစ်ရက်လုပ်ခပေါင် ၁၃၀၀၀၀ပေးရန် ကမ်းလှမ်းမည်ဟုဆိုသည်။ အသက်၂၇နှစ်ရှိ ကိုးလ်သည် လက်ရှိအချိန်တွင် ချယ်လ်ဆီးနှင့် စာချုပ်သက်တမ်း နှစ်နှစ်ခွဲကျန်ရှိနေသေးပြီး ချယ်လ်ဆီးအသင်းတွင် တစ်ပတ်လုပ်ခ ပေါင်၈၂၀၀၀ရရှိနေပြီး ၎င်း၏လစာသည် လမ်းပတ်နှင့် ဂျွန်တယ်ရီတို့ထက် နည်းသည်ဟုဆိုသည်။

(အင်တာနက်)

ဝက်စ်ဟမ်းတိုက်စစ်မှူး ကာလ်တန်ကိုးလ်။

ဝက်စ်ဟမ်းတိုက်စစ်မှူးကိုးလ် အသင်းနှင့်ငါးနှစ်ထပ်မံစာချုပ်

လန်ဒန် နိုဝင်ဘာ ၂၆

တိုက်စစ်မှူး ကာလ်တန်ကိုးလ်သည် ဝက်စ်ဟမ်းအသင်းနှင့် ငါးနှစ်စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

မိမိအနေဖြင့် ဝက်စ်ဟမ်းအသင်းတွင် ကြိုးစားကစားမည်ဖြစ်ကြောင်း၊ နည်းပြသည် မိမိအပေါ် ရာနှုန်းပြည့် သစ္စာရှိသကဲ့သို့ မိမိကလည်း နည်းပြအပေါ် သစ္စာရှိသွားမည်ဖြစ်ကြောင်း၊ နည်းပြသဘောအတိုင်း မိမိတို့ လိုက်နာဆောင်ရွက်ကြမည် ဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ် ဇူလိုင်တွင် လန်ဒန်မြို့ ပြိုင်ဘက်ချယ်လ်ဆီးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ကိုးလ်က ဖွင့်ဟပြောကြားသည်။

ရပ်တည်နေ

ကိုးလ်သည် ဝက်စ်ဟမ်းအသင်းတွင် ယခုရာသီ၌ ၁၂ပွဲကစားရာတွင် လေးဂိုးသွင်းယူထားပြီး ဝက်စ်ဟမ်းအသင်းတွင် ဂိုးအများဆုံးသွင်းထားသူအဖြစ် ရပ်တည်နေသည်။

(အင်တာနက်)

ချစ်စိုးနိုင်စုစည်းတင်ပြသည်

ဂေါက်သီးသမားမက်အီလ်ရွိုင် မာစတာပြိုင်ပွဲများဆင်နွှဲမည်

လန်ဒန် နိုဝင်ဘာ ၂၆

ဂေါက်သီးရိုက်ကစားသမား ဂိုရီမက်အီလ်ရွိုင်သည် လာမည့် ၂၀၀၉ခုနှစ် ဧပြီလတွင် ကျင်းပမည့် မာစတာဖလားပြိုင်ပွဲ၌ ပွဲဦးထွက်ပါဝင်ယှဉ်ပြိုင်ကစားရန် ပြင်ဆင်လျက်ရှိသည်။ အသက်၁၉နှစ်ရှိ မက်အီလ်ရွိုင်သည် အဆုံးအဖြတ်ပေးမည့်ပွဲတွင် တရုတ်တိုင်ပေမှ လင်ဝင်တန်အား ရှုံးနိမ့်ခဲ့သည်။ သို့သော် သူသည် ကမ္ဘာ့အဆင့် ၅၀သို့ ရောက်ရှိလာခဲ့သည်။

(အင်တာနက်)



အီသီယိုးပီးယားအပြေးသမားဘီကီလီ

ကမ္ဘာ့အကောင်းဆုံး ပြေးခုန်ပစ်အားကစားသမားများရွေးချယ် အီသီယိုးပီးယား အားကစားမောင်မယ်များဆွတ်ခူး

မိုနာကို နိုဝင်ဘာ ၂၆

ပြင်သစ်နိုင်ငံ မိုနာကိုမြို့၌ နိုဝင်ဘာ၂၄ရက်က ကျင်းပခဲ့သည့် ၂၀၀၈ခုနှစ် အကောင်းဆုံး ပြေးခုန်ပစ်အားကစားသမားများ ရွေးချယ်ပွဲတွင် အီသီယိုးပီးယားအပြေးသမား ဘီကီလီက တစ်နှစ်တာအကောင်းဆုံး ပြေးခုန်ပစ်အားကစားသမားအဖြစ် ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က ရွေးချယ်လိုက်သည်။

ဆွတ်ခူးနိုင်ခဲ့

ဘီကီလီသည် မီတာ၁၀၀၀၀၊ မီတာ ၅၀၀၀နှင့် ၂၀၀၈ခုနှစ် ကမ္ဘာ့ဖြတ်ကျော်ပြေးပွဲ ချန်ပီယံဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ထို့အတူ ၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးပြေးခုန်ပစ် အားကစားသမားအဖြစ် အီသီယိုးပီးယားအပြေးမယ် ဒိုင်ဘာဘာက ဆွတ်ခူးသွားသည်။ ရုရှားမှ ပြေးခုန်ပစ်မယ် အိုင်စင်ဘာယာဗာက ဒုတိယနှင့် ကင်ညာအပြေးမယ်ပါမီလာဂျီလီမိုက တတိယရရှိခဲ့သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်းအတိုအထွာ

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု စီရိုနယ်ဒိုအတွက် ပြိုင်ဘက်မရှိဟု တောရက်စ်ဆို

လန်ဒန် နိုဝင်ဘာ ၂၆

မန်ယူနှင့် ပေါ်တူဂီဘောလုံးကြယ်ပွင့် စီရိုနယ်ဒိုသည် ၂၀၀၈ခုနှစ်အတွက် ဖီဖာကပေးမည့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိရေးတွင် ပြိုင်ဘက်မရှိ ထိပ်ဆုံးမှ ရေပန်းစားနေသူတစ်ဦးဖြစ်ကြောင်း စပိန်နှင့် လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်က အခိုင်အမာပြောကြားခဲ့သည်။

တောရက်စ်သည် ၂၀၀၈ခုနှစ် ဥရောပချန်ပီယံ စပိန်အသင်းမှ ကစားဖော်များနှင့်အတူ ယင်းပြိုင်ပွဲတွင် ငါးဂိုးသွင်းယူထားပြီး ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ပဏာမရွေးချယ်စာရင်း၂၃ဦး၌ ပါဝင်သူဖြစ်သည်။

ဘဲလ်ဂရိတ်အသင်းမှ တိုဆစ်အား မန်ယူကခေါ်ယူမည်

လန်ဒန် နိုဝင်ဘာ ၂၆

မန်ယူအသင်းသည် ပါတီဇန်ဘဲလ်ဂရိတ်အသင်းတွင် ကစားနေသော ကွင်းလယ်ကစားသမား ဇိုရန်တိုဆစ်အား ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းပေးကာ ခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ ဇိုရန်တိုဆစ်အား လာမည့် ဇန်နဝါရီ ၁ရက်တွင် စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။

မန်စီးတီးသည် ချယ်လ်ဆီးကဲ့သို့ ထိပ်တန်းရောက်လာမည် တောင်ပံကစားသမား ရိုက်ဖီးလစ်ပြောကြား

လန်ဒန် နိုဝင်ဘာ ၂၆

မန်စီးတီးအသင်းသည် ချယ်လ်ဆီးအသင်းကဲ့သို့ ဘောလုံးအင်အားကြီးအသင်းဖြစ်လာမည်ဖြစ်ကြောင်း ယင်းအသင်းမှ ရိုက်ဖီးလစ်က အခိုင်အမာပြောကြားခဲ့သည်။ အင်္ဂလန်တောင်ပံကစားသမား ရိုက်ဖီးလစ်သည် ပြီးခဲ့သည့်နွေရာသီက ချယ်လ်ဆီးအသင်းတွင် ခြေစွမ်းကျဆင်းခဲ့ပြီးနောက် ယင်းအသင်းမှ ထွက်ခွာခဲ့သူဖြစ်သည်။

ရိုက်ဖီးလစ်သည် မန်စီးတီးသို့ ရောက်ကတည်းက ခြေစွမ်းပြန်ပြနိုင်ပြီး ပရီမီယာလိဂ်တွင် အချမ်းသာဆုံးအသင်းဖြစ်သည့် မန်စီးတီးသည် အနာဂတ်တွင် ပရီမီယာလိဂ်၏ အရေးပါသော ပြိုင်ဘက်အသင်းများအနက် တစ်သင်းဖြစ်လာမည်ဟု ယုံကြည်ထားသူဖြစ်သည်။

ထိပ်သီးလေးသင်းတွင် အာဆင်နယ်ပါဝင်နေမှု နိဂုံးချုပ်စေမည်ဟု ဘာရီပြောကြား

လန်ဒန် နိုဝင်ဘာ ၂၆

ပြိုင်ဘက် အာဆင်နယ်အသင်းအား ဘူးလေးရာဖရုံဆင့်သကဲ့သို့ ယှဉ်ပြိုင်အနိုင်ယူခဲ့ပြီးနောက် မိမိတို့ အက်စ်တွန်ဗီလာအသင်းသည် ယခုရာသီတွင် အာဆင်နယ်အသင်း၏ ပရီမီယာလိဂ်ထိပ်သီးလေးသင်းတွင် ပါဝင်နေမှုကို အဆုံးသတ်စေမည်ဖြစ်ကြောင်း ဂါရက်ဘာရီက ပြောကြားလိုက်သည်။

အက်စ်တွန်ဗီလာအသင်းသည် အာဆင်နယ်ကို စံချိန်တင်အနိုင်ယူကာ မန်ယူအသင်းအောက်တွင် တစ်မှတ်အကွာဖြင့် စတုတ္ထနေရာ၌ ရပ်တည်နေသည်။

ပို့စ်မောက်က အေစီမီလန်ကိုအနိုင်ယူနိုင် နည်းပြဟောင်းရက်နက်ပြောကြား

လန်ဒန် နိုဝင်ဘာ ၂၆

စပါးနည်းပြ ဟာရီရက်နက်က မိမိအသင်းဟောင်း ပို့စ်မောက်သည် ယူအီးအက်ဖ်အေပြိုင်ပွဲတွင် အေစီမီလန်အား အနိုင်ယူနိုင်ကြောင်း ပြောကြားခဲ့သည်။

မီလန်အသင်းတွင် ထိပ်တန်းကစားသမားများဖြစ်သည့် ရော်နယ်ဒင်ဟို၊ ကာကာနှင့် ရှက်ဗ်ချင်ကိုတို့ ပါဝင်ကြောင်း၊ သို့သော်လည်း အန်ဆယ်လော့တီအနေဖြင့် မည်သည့်ကစားသမားများအား ရွေးချယ်သည်ဖြစ်စေ ပို့စ်မောက်သာ အနိုင်ရမည်ဖြစ်ကြောင်း ဖွင့်ဟသည်။

တိုက်စစ်မှူးဒရော့ဘာမပါသော ချယ်လ်ဆီး ရလဒ်ဆိုးရှားခဲ့သည်ဟုဆို

လန်ဒန် နိုဝင်ဘာ ၂၆

ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ပွဲစဉ်တွင် တိုက်စစ်မှူးဒရော့ဘာ မပါဝင်နိုင်သဖြင့် ရလဒ်ဆိုးရွားခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

ကစားခွင့် ယာယီပိတ်ပင်ခံထားရသော တိုက်စစ်မှူးဒရော့ဘာ မပါသည့် နိုဝင်ဘာ၂၃ရက်က အိမ်ကွင်းပွဲစဉ်တွင် နယူးကာဆယ်အသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။ ဒရော့ဘာသည် ကားလင်းဖလားပွဲစဉ်တွင် ဘန်လေပရိသတ်များအား အကြွေစေ့ဖြင့်ပစ်ပေါက်ခဲ့သည့်အတွက် နောက်ထပ် ပြည်တွင်းပွဲစဉ်နှစ်ပွဲ၌လည်း ပါဝင်နိုင်ဦးမည်မဟုတ်ချေ။

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးများသန့်ရှင်းရေး ဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၂၄

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့ ဈေးကြီး သုံးဈေးကို သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန် လစဉ်၂၅ရက်တိုင်း ဈေးပိတ်ကာ ဈေးများ သန့်ရှင်းရေး အလေးထားဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ရက်က ဈေးသုံးဈေးမှ ဆိုင်ရှင်တစ်ဦးကျစီနှင့် ဈေးဝန်ထမ်းများစုပေါင်းကာ ဈေးများအတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ဈေးရေမြောင်းများ အမှိုက်၊ နုန်းမြေဆယ်တင်စွန့်ပစ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံအရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး)ဦးဇော်မိုးနှင့် ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ရွှယ်ဂျာတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို အောက်တိုဘာ ၁၅ ရက်က ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး ယာဉ်စက်ယန္တရားများ လုပ်ငန်းခွင်တွင် ပုံမှန်လှုပ်ရှားနိုင်မှု ရှိ မရှိနှင့် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်မှုအခြေ အနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်း သာယာလှပရေးဆောင်ရွက်လျက်ရှိရာ မြို့နယ်အားကစားကွင်းရှေ့ ပြည်ထောင်စုလမ်းဘေးဝဲယာ မြေယာရှင်းပြုပြင်ဆောင်ရွက်ထားမှုကို နိုဝင်ဘာ၁၁ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ သတင်းစာနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

စဉ့်ကူး နိုဝင်ဘာ ၂၅

စဉ့်ကူးမြို့နယ် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အလှူရှင်များမှ သတင်းစာ၊ သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်တင်တင်နုက ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင်မြို့နယ်လျှပ်စစ်မှူးဦးကျော်ကျော်လွင်က ငွေကျပ် ၈၄၀၀၀ တန်ဖိုးရှိ သတင်းစာ၊ စာအုပ်စာစောင်၂၀၂ အုပ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်က ငွေကျပ်၁၀၀၀၀တန်ဖိုးရှိစာအုပ်စာစောင်အုပ်၅၀၊ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးလှအုန်းက ငွေကျပ်၁၀၀၀၀ တန်ဖိုးရှိ ဂျာနယ်မျိုးစုံ အုပ်၅၀နှင့် မြို့နယ်အသင်းအလုပ်အမှုဆောင် ဦးကျော်စိုးဦးက ငွေကျပ် ၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းနှင့် မြို့နယ်ဦးစီးမှူးတို့က လက်ခံယူကြကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

အောင်မြေသာစံ အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေး ဟောပြော

မန္တလေး နိုဝင်ဘာ ၂၀

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မြို့နယ်အတွင်း ရပ်ကွက် ၁၉ရပ်ကွက်သို့ ကွင်းဆင်း၍ အသိပညာပေးဟောပြောပွဲများ ကျင်းပလျက်ရှိရာ စက်တင်ဘာ၁၈ ရက်နံနက်က ပြည်လုံးချမ်းသာရပ်ကွက် ဝါးရောင်းဝင်းဓမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်ထွေးထွေးနိုင်က လူမှောင်ခိုကုန်ကူးမှုအကြောင်းသိကောင်းစရာနှင့်အဖွဲ့ဝင် ဒေါ်စန်းစန်းဦးက အကြမ်းဖက်နှိမ်နင်းရေးအကြောင်း သိကောင်းစရာများကို ပန်းချီကားချပ်နှင့်တကွ ပညာပေးဟောပြောပြီး သိလိုသောအချက်များမေးမြန်းရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။ (၀၉၀)

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် (မြို့ပြ) ငွေလုံးလမ်း တည်ဆောက်ရေးလုပ်ငန်းဖြစ်သော မဟာဗန္ဓုလလမ်း ကတ္တရာခင်းရန် ကျောက်ခွဲသားများ ခင်းကျင်းမှုလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မီမီခိုင် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ်စည်ပင် အောင်ဇေယျလမ်း၌ ရေမြောင်းများရှင်းလင်း

ရွှေဘို နိုဝင်ဘာ ၂၃

ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်ဇေယျလမ်းမကြီး တစ်လျှောက် ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ (လက်ထောက် အင်ဂျင်နီယာ) ဦးအောင်မြင့်သန်းတို့ ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန(အင်းတော်) အထူးဈေးရောင်းပွဲတော်ဖွင့်

အင်းတော် နိုဝင်ဘာ ၂၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၅ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့ မြအင်းသာခန်းမ မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် အထူးဈေးရောင်းပွဲတော်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးလှိုင်မျိုးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန စစ်ကိုင်းတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးထွန်းရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရောင်းချ

အဆိုပါဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၅ ရက်မှ ၂၁ရက်အထိ ပစ္စည်း ၃၃၂မျိုးကို ဈေးရောင်းပွဲတော်တွင် ဆိုင်တင်ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၀၃၀)

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ခိုင်ရွှေဝါ (နွယ်နီဈေး)၏ ဒုတိယအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပရာ ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ငွေကျပ် ၃၂ သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်များ စုပေါင်းလှူဒါန်းစဉ်။

(၀၉၈)

မြို့လှပရေး

ရပ်စောက်မြို့ ဘူတာလမ်းဘေးဝဲယာသန့်ရှင်းရေးနှင့်သာယာလှပရေး ဆောင်ရွက်ထားမှုကို အောက်တိုဘာ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကလေးသူငယ်များ အာဟာရပြည့်ဝရေး ပညာပေးဟောပြောပွဲ ပေါင်မြို့တွင်ကျင်းပ

ပေါင် နိုဝင်ဘာ ၂၀

ပေါင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို စက်တင်ဘာ၂၇ရက် နံနက် ၉နာရီက ပေါင်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြလင်းစိန်နှင့် မြို့နယ်ဆရာဝန် ဒေါ်ခင်စုစုဟန်တို့က အမှာစကား ပြောကြားကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကလေးမိခင်များ ကလေးသူငယ်များအား အာဟာရပြည့်ဝစွာကျွေးမွေးပြုစုရေး၊ ပညာပေးဟောပြော၍ ကလေးများအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက ဗီတာမင်(အေ) ဆေးလုံးများ တိုက်ကျွေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရပ်ကွက်၊ ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲများ၏ အာဟာရချက်ပြုတ်ပြိုင်ပွဲကို ကျင်းပပြီး ဆုရအသင်းခွဲများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

(၁၇၆)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နဝင်းကွက်သစ်(၆)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် လုပ်ငန်းဆောင်ရွက်သူ အင်ဂျင်နီယာတို့က လမ်းအရည်အသွေးကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းများ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စု တောင်သူဦးဝင်း၏ ကွင်းအမှတ်၉၄၉ ဦးပိုင်အမှတ် ၁၂၃ ၌ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်း ဆွတ်ခူးနေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဝါစိုက်ပျိုးရေးမန်နေဂျာနှင့် ဒေသခံတောင်သူများက ယခင်စိုက်ပျိုးသည့် ဝါမျိုးများနေရာ၌ လက်ရှိစိုက်ပျိုးနေသော ငွေချည်(၆) ဝါမျိုးများကို ပြောင်းလဲစိုက်ပျိုးရသည့်အတွက် မိမိတို့ဒေသခံ တောင်သူများ အနေဖြင့် အကျိုးကျေးဇူးများစွာရှိကြောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ကြပ်မတ်ဆောင်ရွက်

ထို့နောက်တစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာအုပ်စု လက်ပံပုအနောက်ကွင်း ဦးပိုင်အမှတ်၁၄၂၂၊ အကွက်အမှတ် ၈၅ ၌ တောင်သူဦးသာခိုင်၏ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး စုပေါင်းရိတ်သိမ်းခြွေလှေ့ခြင်းနှင့် စံကွက်ရိတ်သိမ်းခြင်းတို့ကို လှည့်လည်ကြည့်ရှုပြီး ခရိုင် စိုက်ပျိုးရေး မန်နေဂျာက မိုးစပါးရိတ်သိမ်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ တိုင်းမှူးက အထူးအထွက်ကောင်း မနောသုခ စပါးမျိုး ရိတ်သိမ်း ခြွေလှေ့ခြင်းနှင့် စပ်လျဉ်း၍ ဂရုတစိုက် ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထွက်ရှိ

နေပြည်တော် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာအုပ်စု လက်ပံပု အနောက်ကွင်းမှ စိုက်ပျိုးထားရှိသော အထူးအထွက်ကောင်း မနောသုခစပါး စံပြရိတ်သိမ်းခြွေလှေ့ခြင်းတွင် တစ်ဧက စပါးအစို ၁၁၉ ဒသမ ၁၃ တင်း ထွက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈)တွင် လုံးချောနှင့် ဝင်းထွန်းတို့ ဤသို့ သရေကျခဲ့ကြသည်။

လုံးချောက ဝင်းထွန်းကို စိတ်မကျေပွဲ နဲ့ခွင့်ရမည့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ဖင်လင်းထွန်း(ခနုဖြူ) စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်တို့ကြီးမှူး၍ ကယ်လ်ဆီယမ်ကွေကာ (MDG Co.,Ltd.) က အဓိက ကူညီပံ့ပိုးသော မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို နိုဝင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့)တွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ ငါးချီစိန်ခေါ်ပွဲ ၁၀ပွဲ ပါဝင်မည်ဖြစ်ပြီး လုံးချော (ညောင်တုန်း)နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့က အဓိကစိန်ခေါ်ပွဲကြီး ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❍

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ဆံပင်ပုံသွင်းဆေးဖျန်းဘူးများ အသုံးပြုမှုများလျှင် ကိုယ်အင်္ဂါချို့ယွင်းသည့်ကလေးများ မွေးဖွားနိုင်ဟုဆို

ဆံပင်ပုံသွင်း ဆေးဖျန်းဘူးများကို အသုံးပြုပြီး ဆံပင်အလှပြင်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကလေးမွေးဖွားရာတွင် အခက်အခဲများဖြစ်စေတတ်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးလိုက်သည်။

ဆိုးရွားစွာထိခိုက်

ဆံပင်ပုံသွင်းဆေးရည်များတွင် ဓာတုပစ္စည်းများနှင့် ပလတ်စတစ်မှ ထုတ်ယူသည့် အက်စစ်တစ်မျိုးကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထိုပစ္စည်းများသည် သန္ဓေသား၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေကြောင်း ၄င်းတို့က ပြောကြားသည်။

သားသမီး မီးဖွားရာတွင် အခက်အခဲရှိသူ မိခင်များကို လေ့လာသုတေသနပြုခဲ့ရာ ၃၅ရာခိုင်နှုန်းသည် ဆံပင်ပုံသွင်း ဆေးဖျန်းဘူးများကို သုံးစွဲသူများဖြစ်နေကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

ကိုယ်ခန္ဓာချို့ယွင်း

ဆံပင်ပုံသွင်းဆေးဖျန်းဘူးများကို အမြဲအသုံးပြုသည့် အမျိုးသမီးများမှ မွေးဖွားလာသည့် ကလေးငယ်များသည် ကိုယ်ခန္ဓာ ချို့ယွင်းမှု၊ ကျန်းမာရေးချို့တဲ့မှုနှင့် ခက်ခဲစွာ မွေးဖွားရမှုများဖြင့် ကြုံတွေ့ရတတ်ကြောင်း ၄င်းတို့က ပြောကြားသည်။ (အင်တာနက်)

အပန်းဖြေသူများအတွက် အလှအပတို့စုဝေးရာ နေရာဖြစ်သကဲ့သို့ ဒေသခံပြည်သူတို့အတွက်လည်း ဝမ်းစာရှာရာ ဒေသဖြစ်သည့် ငွေဆောင်ကမ်းခြေမြင်ကွင်းအလှ….။ (မြန်မာ့အလင်း)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်
စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်နှလုံးကိုဆွဲဆောင်နိုင်သော သဘာဝအလှအပများနှင့် ပြည့်စုံပြီး ကြည်လင်သန့်စင်သော ပင်လယ်ကမ်းခြေ များစွာရှိသည်။ ထိုအထဲတွင် ငွေဆောင်ကမ်းခြေသည် တစ်ခု အပါအဝင်ဖြစ်သည်။

စတင်ဖွင့်လှစ်

ဧရာဝတီတိုင်း ငွေဆောင်ကမ်းခြေကို အပန်းဖြေစခန်းအဖြစ် တည်ဆောက်ပြီး ကမ္ဘာလှည့်ခရီးသည်များလေ့လာရင်း အပန်းဖြေနိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့က ၂၀၀၀ပြည့်နှစ်မှစ၍ မြန်မာတိုင်းရင်းသားပိုင် ဟိုတယ်ပေါင်း ၁၉လုံးဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါမှာ ရှစ်နှစ်ကာလ အတွင်းသို့ရောက်ရှိခဲ့ပြီး ဟိုတယ်ပေါင်း ၂၁လုံး အထိ တည်ရှိနေပေပြီ။

မကြာမီရက်ပိုင်းက စာရေးသူ ငွေဆောင်သို့ ရောက်ခဲ့ပြန်သည်။ ရန်ကုန်-ပုသိမ်ကားလမ်းအတိုင်း ငဝန်မြစ်ကူးတံတားကြီးပေါ်မှ ဖြတ်ကျော်၍ အေးရှားဝေါလ်ကုမ္ပဏီက ဖောက်လုပ်ပေးထားသည့် စိန်ကုန်းရွာမှ ငွေဆောင်ကမ်းခြေအထိ မိုင်၃၀ ၃ ဖာလုံလမ်းအတိုင်း စီးနင်းလိုက်ပါလာခဲ့ရာ ပုသိမ်တံတားမှ ငွေဆောင်ကမ်းခြေအထိ ၄၅မိနစ်မျှဖြင့် ရောက်ရှိသွားခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

27-11 (20).pmd 1 11/27/2008, 2:34 AM